ကမ္ဘာ့ဘဏ်၏ ၂၀၁၄ခုနှစ်၊ဇွန်လ ၏ သတိချပ်လွှာ ( Aide Memorie ) အရ စီမံကိန်းစက်ဝန်း(၁) ၏ စီမံကိန်းလုပ်ငန်းခွဲများအားလုံးသည် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလတွင်ပြီးဆုံးရမည်ဟု ရက်မှတ်ထားပါသည် ။ ဤ အစီရင်ခံသည့်ကာလအထိ ကျွန်းစုတွင် စီမံကိန်းလုပ်ငန်းခွဲ(၂)ခုမှလွဲ၍အားလုံးသော စီမံကိန်းလုပ်ငန်းခွဲများသည် ဆောင်ရွက်ပြီးစီးခဲ့ပါသည် ။ ကျွန်းစုမြို့နယ်ရှိစီမံကိန်းလုပ်ငန်းခွဲ(၂)ခုမှာ အောက်တိုဘာလတွင် ပြီးစီးမည် ဖြစ်ပါသည် ။ စီမံကိန်းအထောက်အထားများဆောင်ရွက်မှု ( ပုံစံ PC 10 , F6 , F7) တို့မှာ (၉၀%) ပြီးစီးပြီဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ စာရွက်စာတမ်းများမှာ (၁၀၀%) ပြီးစီးပြီဖြစ်ပါသည် ။ စီမံကိန်းလုပ်ငန်းခွဲများ၏ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုအောက်ပါဇယားတွင် ဖေါ်ပြထားပါသည် ။

**ဇယား (၃)။ စီမံကိန်းလုပ်ငန်းခွဲများ၏ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ**

| ကဏ္ဍ | နမ့်ဆမ် | | | ကန်ပက်လက် | | | ကျွန်းစု | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |
| ပို့ဆောင်ရေး | ၂၆ | ၂၂ | ၁၁၅.၅၈ | ၅၃ | ၅၅ | ၂၇၇.၈၁ | ၄၇ | ၃၃ | ၁၈၈.၂၇ | ၁၂၆ | ၃၅ | ၅၈၁.၆၆ |
| ပညာရေး | ၃၄ | ၂၉ | ၁၃၄.၁၄ | ၁၆ | ၁၆ | ၆၂.၆၆ | ၆၈ | ၄၈ | ၃၀၀.၇၇ | ၁၁၈ | ၃၃ | ၄၉၇.၅၈ |
| ရေနှင့်သန့်ရှင်းရေး | ၃၉ | ၃၃ | ၄၁.၀၂ | ၁၄ | ၁၄ | ၄၆.၄၈ | ၁၆ | ၁၁ | ၃၉.၉၀ | ၆၉ | ၁၉ | ၂၂၆.၄၀ |
| လျှပ်စစ်မီး | ၁၀ | ၉ | ၄၆.၈၀ | ၁၂ | ၁၂ | ၃၉.၆၇ | ၄ | ၃ | ၁၇.၄၄ | ၂၆ | ၇ | ၁၀၃.၉၁ |
| ကျန်းမာရေး | ၁ | ၁ | ၁၃.၅၅ | | | | | | | ၁ | ၀ | ၁၃.၅၅ |
| အခြားအထောက်အညီ | ၇ | ၆ | ၃၄.၉၇ | | | | ၈ | ၆ | ၃၀.၀၇ | ၁၅ | ၄ | ၆၅.၀၅ |
| အသေးစားဆည်မြောင်း | ၁၁၇ | ၁၀၀ | ၄၈၆.၀၆ | ၉၇ | ၁၀၀ | ၄၃၉.၄၈ | ၁၄၃ | ၁၀၀ | ၅၇၅.၄၅ | ၃၅၇ | ၁၀၀ | ၁၅၀၀.၉၉ |

အထက်တွင်ဖော်ပြထားသော ပို့ဆောင်ရေးတွင် လမ်း ၊တံတား၊ဆိပ်ခံတံတား ၊ရေနုတ်မြောင်း၊ နှင့် စာသင် ကျောင်း ပြုပြင်/တည်ဆောက်ခြင်းလုပ်ငန်းတို့အားမြို့နယ် (၃)မြို့နယ်မှ ဦးစားပေးရွေးချယ်ရာတွင် (၃၅%) နှင့် (၃၃% ) တို့ရှိပါသည် ။ ရေရရှိရေးစီမံကိန်းမှာ (၁၉%)ရှိပြီး ၊လျှပ်စစ်မီး ရရှိရေးမှာ (၇% ရှိပါသည် ။ထိုအချက်များသည် စီမံကိန်းစက်ဝန်း (၂) အတွက်စဉ်းစားရမည့် စိတ်ဝင်စားစ ရာအ ချက်များဖြစ်ပြီး စီမံကိန်းစက်ဝန်း(၂)တွင် ကျေးရွာများ၏ ဦးစားပေးရာခိုင်နှုန်းများများရရှိအောင် ဆောင်ရွက် သွားရန်လိုအပ် ပါသည်။ လမ်းလုပ်ငန်းစီမံကိန်းလုပ်ငန်းခွဲကို ကန်ပက် လက်မြို့ နယ်တွင် အများ ဆုံးတွေ့ရှိရပါသည်။ အဘယ်ကြောင်းဆိုသော် ကန်ပက်လက်မြို့နယ်များတွင် လူသွားလမ်း နှင့်မော် တော် ဆိုင်ကယ်လမ်းများသာရှိ သောကြောင့်ဖြစ်သည်။ နမ့်ဆန်မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းမှာ ဦးစားပေး အမြင့်ဆုံးဖြစ်ပါပြီး ၄င်းမြို့နယ် တွင် မြေယာအသုံးချမှု မမှန်ကန်မှုကြောင့် ရေရှားပါးသည့် အခြေအနေ ကြောင့်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ၏ စုစုပေါင်းသုံးစွဲငွေမှာ ကျွန်းစုမြို့နယ်တွင် (၅၇၅.၄၅ ကျပ် သန်း)ဖြစ်ပြီး တိုက်ရိုက်ထောက်ပံ့ငွေမှာ (၅၄၇.၁၃ ကျပ်သန်း) ဖြစ်ပါပြီ သို့ဖြစ်ပါ၍ ရရှိသော ငွေထက်ပိုမိုသုံးစွဲသည်ကိုတွေ့ရှိရပါသည်။ ဤသည်မှာကျွန်းစုမြို့နယ်တွင် ကော်မိတီအဖွဲ့ဝင်များမှ ၄င်းတို့၏ ကျေးရွာအုပ်စုများအတွင်း ရံပုံငွေခွဲဝေခြင်းကိုပြသပါသည်။ အသေးစိတ်ဘတ်ဂျက်ခွဲဝေပေးမှုကို မြို့နယ် များမှာနစ်ချုပ်အစီအရင်ခံစာဖော်ပြသွားမည် ဖြစ်ပါသည်။

အချို့ရှင်းလင်းချက်များတွင် အဓိပ္ပါယ်ပြီးပြည့်စုံရန်အတွက် ရှင်းလင်းချက်များ လိုအပ် နေပါသေးသည်။ စီမံကိန်းလုပ်ငန်းများမပြီးဆုံးမီ ရံပုံငွေပျက်လပ်သွားခြင်း အချို့ကျေးရွာများတွင် စီမံကိန်း လျာထားချက်အတိုင်းပြီးဆုံးသွားသော်လည်း သတ်မှက်ထားသည့်စံချိန်စံညွှန်းနှင့်မကိုက်ညီသည် ကိုတွေ့ရှိ ရပါသည်။ ဥပမာ- ကျွန်းစုမြို့နယ်တွင် စာသင်ကျောင်းကြမ်းခင်းလုပ်ငန်း၌ တစ်ဝက်တပျက် သာပြီးစီးသော် အသုံးပြု၍ ရနေသည့်အခြေအနေဖြစ်သည်။ ထို့ကြောင်သက်မှတ်ထားသည့် စံချိန်းစံညွှန်းကို အဓိပ္ပါယ်သက် မှက်ရာတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့်အခြေအနေကိုသာသတ်မှက်ရမည်။ စီမံကိန်းစက်ဝန်း(၂) တွင် အောက်တိုဘာ ISM အဆိုပြုထားချက်အရ စီမံကိန်းနစ်များစွာကို ခွင့်ပြုသင့်ကြောင်း သို့သော်လည်း စီမံကိန်းစက်ဝန်းတိုင်းတွင် ၄င်းနစ်အတွက်စီမံကိန်းလုပ်ငန်းခွဲများပြီးစီးပြီး လုံခြုံစိတ်ချစွာအသုံးပြုနိုင်သော အခြေအနေရှိရမည်။ ဤအဓိပ္ပါယ်သက်မှတ်ချက်အရ ကျွန်းစုမြို့နယ်၏ စာသင်ကျောင်းစီမံကိန်းလုပ်ငန်းခွဲ တွင် မိုးယိုသဖြင့် စီမံကိန်းလုပ်ငန်းပြီးစီးသည်ဟူ့ လက်ခံနိုင်ဖွယ်မရှိပါ။

စစ်ဆေးခြင်းများအတွက် ထုတ်လုပ်သူများမှ စီမံကိန်းလုပ်ငန်းခွဲများကို အဓိပ္ပါယ်သတ်မှတ်ရာတွင် စီမံကိန်းလုပ်ငန်းခွဲအား အရည်အသွေးမမှီသော်လည်း ပြီးဆုံးသည်ဟုသတ်မှတ်နိုင်သည်မှာ DRD အနေဖြင့် အစိုးဘက်ဂျတ်ဖြင့်ဆောင်ရွက်ရသည့်လုပ်ငန်းများတွင်ဤအချက်ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့သော် ဦးစွာဘဏ္ဍာရေးဝန်ကြီးဌာနနှင့်စာရင်းစစ်ချုပ်ရုံးတို့မှ သဘောတူညီချက်ကိုရယူရမည်။ ၄င်းမှာတိုက်ရိုက် ထောက်ပံ့ငွေ မလုံလောက်ပါက အစိုးရရန်ပုံငွေကိုရယူမည်ဖြစ်သည်။ အခြားရန်ပုံငွေအရင်းအမြစ်မှာ စီမံကိန်းစက်ဝန်း(၁) တွင်စံနှုန်းသက်မှတ်ထားသောစီမံကိန်းလုပ်ငန်းခွဲမှ အသုံးမပြုသော ရံပုံ ငွေဖြစ်သည်။ ပြန်လည်ပြင်ဆင်ထားသော စီမံကိန်းလုပ်ငန်းခွဲအရ ဤကဲ့သို့သော်ရံပုံငွေများသည် ကျေးရွာ အတွင်းရှိ နေပြီး လက်ရှိရှိနေသောစီမံကိန်းလုပ်ငန်းအား တိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရာ၌ အသုံးပြုရမည် ဖြစ်သည်။

ဥပမာအားဖြင့်စီမံကိန်း(၁) တွင်နမ့်ဆန်မြို့နယ်၌ ၄၁၃၂၃၁၃၈ (၇%) ကန်ပက်လက်မြို့နယ်တွင် ၃၇၀၉၉၉၄( ၈%) နှင့် ကျွန်းစုမြို့နယ် တွင် ၂၄၅၀၂၇၉၂ (၄%) တို့သည် အထက်ဖော်ပြပါရံပုံငွေဖြစ်ပါသည် ။

ဇယား(၄)တွင်စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော် ရေးတွင်တိုးတက်မှုများကိုဖော်ပြထားပါသည်။

**ဇယား(၄)။ Aide Meimore (ISM June 2014) ၏အကြံပြုချက်နှင့် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော် ရေးအပေါ် ဆောင်ရွက်ချက်များ**

| | သတိချပ်လွှာ၏အကြံပြုချက် | DRD ၏ဆောင်ရွက်ချက် |
|---|---|---|
| *နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာအခက်အခဲ* | | |
| | | |
| ၁ | DRD အနေဖြင့် မြို့နယ်အဆင့်တွင် နည်းပညာခန့်ထားရေးကို စီစစ်သွားရမည်။ အငယ်တန်းအင်ဂျင်နီယာများကို လက်ထောက် နည်းပညာမှူးများအား နည်းပညာကျောထောက်နောက်ခံ ပြုရန် အတွက် ခန့်ထားရမည်။ | စီမံကိန်း မြို့နယ် (၃)မြို့နယ်၏လိုအပ်ချက်များကိုပြန်လည်သုံးသွားခြင်း။ အခြေခံအဆောက်အဦး ဆိုင်ရာဝန်ထမ်းသည် ကန်ပက်လက်တွင်မရှိသေးပါ ။အငယ်တန်းအင်ဂျင်နီယာများ ခေါ်ယူမှုကိုကြေ ငြာပြီးဖြစ်ပါသည် ။ သို့သော်လည်းလျှောက်ထားသူများကိုမတွေ့ရသေးပါ ။ ဤလုပ်ငန်းစဉ်သည် အချိန်ကာလကြောင့်ကြန့်ကြာမှုများရရှိပါသည်။ စီမံကိန်းမြို့နယ်အသစ်(၆) မြို့နယ်တွင် ဦးစီးအရာရှိအပါအဝင် ဝန်ထမ်း(၇)ဦးစီရှိပြီး လက်ထောက်နည်းပညာမှူများအတွက် နည်းပညာကျောထောက်နောက် ခံပြုရန် အတွက်အငယ်တန်းအင်ဂျင်နီယာများ ငှားရမ်းရန်အစီအစဉ်မရှိသေးပါ။ |
| | နည်းပညာစစ်ဆေးရေးအတွက်ပညာရှင်ငှားရမ်းရေးကိုဆောင်ရွက်နေပြီး၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ (TOR)ကို ပြန်လည်ပြင်ဆင်လျှက်ရှိပါသည်။ | TOR အားကမ္ဘာ့ဘဏ်သို့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာရရှိရန် ဆောင်ရွက်လျှက်ရှိပါသည်။ စီမံကိန်းစက်ဝန်း(၃)အထိ ၄င်းပညာရှင်အား ငှားရမ်းရန်ကမ္ဘာ့ဘဏ်နှင့်ဆွေးနွေးရန်လို အပ်ပါသည် ။ |
| *အကာအကွယ်စီစစ်ခြင်းဆိုင်ရာအခက်အခဲ* | | |
| ၂ | ပါတ်ဝန်းကျင်ဆိုင်ရာလိုက်မာရမည့်အချက်များနှင့် အကာအကွယ်ဆိုင်ရာစီစစ်ခြင်းများအတွက် သင်တန်းအထောက်အကူပစ္စည်းများကို ပြန်လည်စီစစ်ခြင်း၊ လိုအပ်သောသင်တန်းများကိုထပ်မံပို့ချရန်လိုအပ်ခြင်း | သင်တန်းအထောက်အကူပြုပစ္စည်းများကို MSR နှင့် နည်းပညာစစ်ဆေးခြင်းအရ ပြန်လည်ပြင်ဆင်ထားပါသည်။ |
| ၃။ | ရေ၏အရည်အသွေးဆိုင်ရာ စမ်းသပ်သည့်ပစ္စည်းကရိယာများကို ဝယ်ယူသွားရန် | ဤပစ္စည်းများဝယ်ယူရေးအတွက် UNICEF နှင့်ဆက်သွယ် ဆောင်ရွက်ရာတွင် UNICEF သို့ နမူမာပစ္စည်းများပေးပို့ပြီး ၄င်းမှ ဝယ်ယူမည့်ပစ္စည်းအမျိုးအစားနှင့် အရည်အတွက် တို့ကိုထောက်ခံပေးမည် ဖြစ်ပြီး တင်ဒါခေါ်ယူရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၄ | ပါတ်ဝန်းကျင်အကာအကွယ်စီစစ်ခြင်းဆိုင်ရာစာရွက်စာတမ်းများကိုဘာသာပြန်ဆိုမှု ( နောက်ဆက်တွဲပါစာရင်း) ပြီးစီးရန် | လုပ်ငန်းများပြီးစီးပါသည် ။ |
| ၅ | ပါတ်ဝန်းကျင်ဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်များ၏ စာလုံးအတို ကောက် များကိုတိုင်းရင်းသားဘာသာအားပြန်ဆိုရန် | ၄င်းအားမြန်မာဘာသာသို့ပြန်ဆိုပြီးဖြစ်၍ တိုင်းရင်းသားဘာသာသို့ပြန်ဆိုခြင်းသည် စတုတ္ထသုံးလပါတ် တွင်ပြီး ဆုံးမည်ဖြစ်ပါသည်။ |
| | လူထုစစ်ဆေးပွဲကိုအားလုံးသောမြို့နယ်များတွင်၊ဒီဇင်ဘာလ | လူထုစစ်ဆေးပွဲကိုအားလုံးသောမြို့နယ်များတွင်ဩဂုတ်လအတွင်း |

| | သတိချပ်လွှာ၏အကြံပြုချက် | DRD ၏ဆောင်ရွက်ချက် |
|---|---|---|
| | (၃၁)ရက်တွင် အပြီးဆောင်ရွက်ရန် | အပြီးဆောင်ရွက်ခဲ့ပါသည်။သို့သော်လည်း ကန်ပက်လက်မြို့နယ်တွင် ကျေးရွာအုပ်စုတစ်ခု ( ၂၃ ကျေးရွာ)တွင်ဆောင်ရွက်ရန်ကျန်ရှိနေပြီး နိုဝင်ဘာလတွင်အပြီးဆောင်ရွက်သွားမည်ဖြစ်ပါသည် ။ |
| *စီမံကိန်းလုပ်ငန်းများပြီးစီးခြင်း* | | |
| 7 | စီမံကိန်းလုပ်ငန်းခွဲများ ပုံမှန်ပြီးစီးခြင်း (နည်းပညာနှင့်ဘဏ္ဍာရေးစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရန်)<br>မြို့နယ် TA ၏ဘဏ္ဍာရေးအကြံပေးမှ လူထုစည်းရုံးရေးမှူးများအား ဘဏ္ဍာရေးဆပ်ကော်မတီသို့ လိုအပ်သောအကူအညီများပေးရန် ထောက်ပံ့ပေးရမည်။ | နမ့်ဆန်နှင့်ကန်ပက်လက်မြို့နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများအားလုံး ဇူလိုင်လတွင်အားလုံးပြီးစီးခဲ့ပါသည်။ ကျွန်းစုမြို့နယ်တွင်အောက်တိုဘာလကုန်တွင်ပြီးစီးခဲ့ပါသည်။<br>ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများ ကန်ပက်လက်နှင့်နမ့်ဆန်မြို့နယ်တွင် (၇၉%) ကျွန်းစုတွင် (၉၅%) အစီအရင်ခံသည့်ကာလအထိပြီးစီးခဲ့ပါသည်။ |
| ၈ | စီမံကိန်းလုပ်ငန်းခွဲများသည် ရန်ပုံငွေနှင့်ပစ္စည်းကရိယာများမလုံလောက်မှုကြောင့် ဤအချက်သည်စီမံကိန်းလုပ်ငန်းခွဲ၏ ဘဏ္ဍာရေးအပြီးသတ်အစီအရင်ခံစာသည် အရေးကြီးပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် ရန်ပုံငွေပိုလျှံသောကျေးရွာမှ အခြားစီမံကိန်းလုပ်ငန်းမပြီးစီးသော ကျေးရွာများတွင်ဆောင်ရွက်နိုင်ပါသည်။ | အားလုံးသောစီမံကိန်းလုပ်ငန်းခွဲများသည် (၂၀၁၄ခုနှစ်သြဂုတ်လတွင်ပြီးစီးခဲ့ပါသည်) သို့သော်လည်းကျွန်းစုမြို့နယ်တွင်စီမံကိန်းလုပ်ငန်းခွဲ (၂) ခုပြီးစီးခဲ့ပါသည်။ မြို့နယ် (၃) မြို့နယ်တွင်အသုံးမပြုနိုင်သောစီမံကိန်းရန်ပုံငွေမှာ<br>နမ့်ဆန် ၊MMK 41,323,138 (7%)<br>ကန်ပက်လက် ၊MMK 37,009,949 (8%) နှင့်<br>ကျွန်းစု ၊MMK 24,502,792 (4%)<br>ဤကျန်ရှိသောရန်ပုံငွေများမှာ ကျေးရွာအတွင်းဖြစ်ပြီးငင်းသည် လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း / လက်ရှိစီမံကိန်းက အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ရန်အတွက်အသုံးပြုရန်ရည်ရွယ်ပါသည်။ ပြီးစီးခဲ့သောစီမံကိန်းများသည် အရည်အသွေးစံနှုန်းထားအရ ကျေနပ်ဖွယ်မရှိပါ။ ထို့ကြောင့် DRD သည်အစိုးရဘက်ဂျက်အား ဤလုပ်ငန်းများတွင်ခွဲဝေပေးရန် ထည့်သွင်းစဉ်စားပေးမည်။ သို့သော်ငင်းအတွက်သဘောတူညီချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်စာရင်းစစ်ချုပ်ရုံးတို့မှ သဘောတူညီချက်ရရှိရန်လိုအပ်ပါသည်။ |
| ၉ | DRD သည် ဤစီမံကိန်းလက်စွဲတွင် အသုံးမပြုခဲ့သောပစ္စည်းများ အားအသုံးပြုရန် ညွှန်ကြားချက်ထည့်မံထည့်သွင်းရမည်။ | ဤကိစ္စအား ဆောင်ရွက်ပြီးဖြစ်ပါသည်။ (နောက်ဆက်တွဲ -၁) |

## ၄-၂။ စီမံကိန်းလုပ်ငန်းခွဲများ၏အရည်အသွေး

နည်းပညာစီစစ်ရေးကျွမ်းကျင်ပညာရှင် အားငှားရမ်းရန်အတွက် သဘောတူစာချုပ်ချုပ်ဆိုရေးကို ဆောင်ရွက်လျက်ခဲ့ပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် Mr Garvin O'Keefe အား စီမံကိန်းမြို့နယ် (၃) မြို့နယ်တွင် နည်းပညာစစ်ဆေးရန်အတွက် DRD နှင့်သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဤကာလအတွင်း ၄င်းပညာရှင်သည် နမ့်ဆန်နှင့်ကန်ပက်လက်မြို့နယ်များတွင် နည်းပညာစစ်ဆေးခြင်းကိုဆောင်ရွက်နိုင်ခဲ့ပြီး အချိန်အကန့်အသတ်ကြောင့် ကျွန်းစုမြို့နယ်တွင် မဆောင်ရွက်နိုင်ခဲ့ပါ။ ကျွန်းစုမြို့နယ်တွင် (၂၀၁၄ နိုဝင်ဘာလ )တွင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဇယား (၅)တွင်နမ့်ဆန်နှင့် ကန်ပက်လက်တွင် နည်းပညာ စစ်ဆေးခြင်းမှ တွေ့ရှိခဲ့သော တွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

## ဇယား (၅) ။ နည်းပညာစစ်ဆေးခြင်းတွေ့ရှိချက်အကျဉ်းချုပ်

| **အဓိကအချက်များ** | **တွေ့ရှိချက်များ** | **အကြံပြုချက်** |
|---|---|---|
| အခြေခံအဆောက်အဦ များစီမံခန့်ခွဲမှု | စီမံကိန်းလုပ်ငန်းခွဲအများစုသည် အရည် အသွေး ကောင်းမွန်ပါသည် ။ ကျေးရွာ လူထုနှင့် စီမံကိန်း အဖွဲ့သည် သတ်မှတ်ထား သောအချိန်အတွင်းနှင့် ဂန်ထမ်းအခက်အခဲများကြားမှ ကောင်းမွန်စွာ ဆောင် ရွက်နိုင်ခဲ့ပါ သည်။ | ကျေးရွာလူထု၏ပါဝင်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် ထိမ်းသိမ်းထားရန် နှင့် အရည် အသွေး မြင့်မားစေရန် ဆောင်ရွက်သွားရန်။ |
| | စီမံကိန်းလုပ်ငန်းခွဲများကို နည်းပညာအဖွဲ့မှ စစ်ဆေး ခြင်းနှင့် အကြံပြုချက်များကိုပြုလုပ်ပေး ရမည် ။ ဤကဲ့သို့ စစ်ဆေး အကြံပေးခြင်းဖြင့် ကျေး ရွာလူထုကိုယ်တိုင်အလိုရှိသော အရည် အသွေးကို ရရှိစေရန်ဖြစ်ပါသည် ။ | လက်တွေ့နည်းပညာမှုးများသည် ဆောက်လုပ်ရေးလုပ်ငန်းများအရေးကြီးချိန်တွင် တစ်ပါတ်တစ်ခါ သွားရောက်စစ်ဆေးသင့်ပါသည် ။ အဆောက်အဦ ဆောက်လုပ်သူများ သည် နည်းပညာစံနှုန်းနှင့်ပါတ်သက်သောသင်တန်းများရရှိစေရန်ဖြစ်ပါသည် ။ |
| | အချို့သောစီမံကိန်းလုပ်ငန်းခွဲများတွင် ရံပုံငွေချထားမှုအလွန်နည်းသည်ကိုတွေ့ရှိရပါသည် ။အချို့ ကျေးရွာအုပ်စုတစ်ခုလျှင် ကျေးရွာ (၆)ရွာနှင့်အထက် ပါရှိပြီး အချို့စီမံကိန်းလုပ်ငန်းခွဲများသည် ရံပုံငွေမလုံလောက်မှုကြောင့် စီမံကိန်းလုပ်ငန်းများမပြီးစီးဘဲရှိနေပါသည် ။ | ကျေးရွာစီမံချက်တွင် ဘတ်ဂျက်ငွေပါဝင်သင့်ပြီး စီမံကိန်းလုပ်ငန်း ခွဲများအား အမှန်ကုန်ကျ စရိတ်အပေါ် မူတည်ပြီးဆောင်ရွက်သင့်ပါသည် ။ |
| | စီမံကိန်းဒီဇိုင်းများသည် ကြာရှည်ခံမှုအပေါ် မူတည်ပြီး မျှော်မှန်းသက်တမ်းသည် သတ်မှတ်ထားသော ဘတ်ဂျက်အတွင်း ရွေးချယ်သောစီမံကိန်းဒီဇိုင်းအပေါ်မူတည်ပါသည် ။ | စီမံကိန်းလုပ်ငန်းခွဲများသည် ကြာရှည်ခံပြီး လုပ်ငန်းလည်ပါတ်၊ပြုပြင်ထိမ်းသိမ်းစရိတ် အနည်းဆုံးဖြစ်ရမည်။ နည်းပညာစံနှုန်းကို ပြည်ထောင်စုအဆင့်မှသတ်မှတ်ရန်ဖြစ်ပြီး မြို့နယ် TA များကို ပြည်ထောင်စုအဆင့်မှသင်တန်းများပို့ချပေးရမည်။ |
| | စီမံကိန်းလုပ်ငန်းခွဲအများစုမှာ လုပ်ငန်းအပြည့်အဝလည်ပါတ်နိုင်သည်အထိ ပြီးစီးမှုမရှိသေးဘဲ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကျန်ရှိနေပါ သေးသည် ။ | အားလုံးသော စီမံကိန်းများသည် အခြားလုပ်ငန်းများ နှင့် သီးခြားသုံးသပ်ရန်အတွက် စီမံကိန်းများ ရလဒ်မှာပြီးစီးရန်လိုအပ်ပါသည် ။ |
| | စီမံကိန်းဒီဇိုင်းများပိုမို ကာင်းမွန်ရန်လိုအပ်ပါသည်။ ရိုးရိုး ပုံကြမ်း သည်၊ စံချိန် စံညွှန်းမီရန် မသေချာဘဲ ပိုမိုရှုပ်ထွေးသော စီမံကိန်းလုပ်ငန်းခွဲများအတွက် အရည်အသွေးမီသော စံချိန်စံညွှန်း ဖြစ်ရန် ဆောင်ရွက်ပေးရမည်။ | စံနှုန်းဒီဇိုင်း နှင့် BOQ တို့သည် ကောင်းစွာဆောင် ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများနှင့် လိုက်လျောညီထွေမှုရှိရမည်။ |
| QA/QC, O&M | အဆောက်အဦးဆောက်လုပ်ရေးနှင်ဆောင် ရွက်သည့်လုပ်ငန်း အသေးစိတ်မှတ်တမ်းမရှိခြင်း။ | အဆောက်အဦဆောက်လုပ်ရေးနှင့်ဆောင်ရွက်မှု မှတ်တမ်းအားထားရှိရမည်။ သို့မှသာ ၎င်းလုပ်ငန်းများအပြင် နည်းပညာလမ်း ညွှန်ချက်နှင့် အကြံပြုချက် များကို လည်းမှတ်သားနိုင်ရန်ဖြစ်သည် ။ |

| | | |
|---|---|---|
| | အရည်အသွေးဆိုင်ရာစစ်ဆေးခြင်းကို အချို့စီမံကိန်း လုပ်ငန်းများတွင် ဆောင်ရွက်ခဲ့ပါသည်။<br><br>လုပ်ငန်းစလည်ပါတ်၊ပြုပြင်ထိမ်းသိမ်းခြင်း(O&M) သည် အမြဲ လက်တွေ့မကျပါ။ | အရည်အသွေးစစ်ဆေးခြင်းကိုပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်သည်။<br><br>အဓိကစီမံကိန်းလုပ်ငန်းခွဲ၏ (O&M)ကို နမူနာ အဖြစ် VPSC နှင့် လက်တောက်နည်း ပညာမှုး များအား နမူနာအဖြစ်မျှဝေပေးရမည် ။ |
| O&M နှင့်ပါတ်ဝန်းကျင် | O&M စီမံချက်များကိုစီမံကိန်း လုပ်ငန်းများ အတွက် ရေးဆွဲရာတွင် စီမံကိန်းအမျိုးအစားများ နှင့် လိုက်လျောညီထွေမှုမရှိသည်ကို တွေ့ရပါ သည် ။<br>အချို့စီမံကိန်းလုပ်ငန်းခွဲများတွင် O&M ကော်မတီ ဝင်များသည် လက်ရှိ O&M စနစ်တွင်ပါဝင်ပြီးဖြစ် ပေသည်။<br>စီမံကိန်းလုပ်ငန်းခွဲအများစုသည် ကျေးရွာတွင်ပတ် ဝန်းကျင်အပေါ် ကောင်းမွန်သောအကျိုးသက် ရောက်မှုရှိသည်။ ( ဥပမာ-ရေစီးရေလာကောင်း ခြင်း၊ ရေတိုက်စားမှုကာကွယ်ခြင်း) အချို့စီမံကိန်း လုပ်ငန်းခွဲများသည် ဆိုးကျိုးသက်ရောက်မှုရှိသည် | စီမံကိန်းလုပ်ငန်းခွဲများ အထူးသဖြင့်ရေရရှိရေးနှင့် လျှပ်စစ်မီးစီမံကိန်းလုပ်ငန်းများတွင် ပြုပြင်ထိန်း သိမ်းမှုများစွာလိုအပ်ပါသည်။ ၎င်းလုပ်ငန်းစဉ်အ တွက်ရန်ပုံငွေများ ကောက်ခံသွားတတ်ပါသည်။ လက်ရှိ O&M စနစ်အား O&M စည်းမျဉ်းစည်းကမ်း များရေးဆွဲချိန်တွင်ပြန်လည်စီစစ်ရမည်။<br><br>စီမံကိန်းလုပ်ငန်းခွဲများ၏ပြင်ပနေရာတွင်( အထူးသ ဖြင့်လမ်း၊ ဆည်မြောင်း ) စသည်တို့ကိုကာကွယ်စီ စစ်ရာတွင် အလေးထားရမည်။ လက်တောက်နည်း ပညာမှုးများသည် အခက်အခဲရှိသောစီမံကိန်းလုပ် ငန်းခွဲများအား နမူနာအဖြစ်အသုံးချရာအတွက် သင်တန်းများပို့ချရမည်။ |
| လူမှုရေး | စီမံကိန်းလုပ်ငန်းခွဲများကို သီးနှံရိတ်သိမ်းချိန်တွင် ဆောင်ရွက်သောအခါ အလုပ်သမားရှားပါးခြင်း၊ ကျား/ မအချိုးညီစွာရရှိခြင်းစသည်တို့တွေ့ရပါ သည်။ | စီမံကိန်းလုပ်ငန်းခွဲများကို နှစ်တစ်နှစ်စောစီးစွာ ဆောင်ရွက်ခဲ့ပါသည်။ ရာသီအချိန်ဇယားကိုကြည့် ၍လည်းဆောင်ရွက်ရပါသည်။ ထို့ပြင်သက်မှတ် ထားသော လုပ်ခကိုရာသီမရွေးသုံးစွဲရမည်။ (ILO နှုန်းထား) |

## ၅။ လူထုစစ်ဆေးပွဲနှင့် သက်ဆိုင်သူများပါဝင်သောသုံးသပ်ခြင်းအစည်းအဝေး

### ၅-၁။ လူထုစစ်ဆေးပွဲ

လူထုစစ်ဆေးပွဲကျင်းပြုလုပ်ခဲ့ခြင်းအကျဉ်းချုပ် ကိုအောက်ပါအတိုင်းဖေါ်ပြထားပါသည် ။

### ဇယား(၆)။ လူထုစစ်ဆေးပွဲလုပ်ငန်းစဉ်ပြဇယား

| မြို့နယ် | သင်တန်းကျင်းပသည့်နေ့ | လူထုအစည်းအဝေး ကျင်းပသည့်နေ့ | လူထုစစ်ဆေးပွဲ အစည်းအဝေးပြု လုပ်သည့်အကြိမ် | တက်ရောက်သည့် ဦးရေ | အမျိုးသမီးရာနိုင် နှုန်း |
|---|---|---|---|---|---|
| ကန်ပက်လက် | ၁၅-၆-၂၀၁၄ မှ ၁၈-၆-၂၀၁၄ ထိ | ၉-၇-၂၀၁၄မှ ၃၁-၇-၂၀၁၄ ထိ | ၃၉ ကြိမ် ( ၂၅ -ကျေးရွာအုပ်စု) | ၂၀၀၈ | ၄၃% |
| နမ့်ဆမ် | ၂၇-၆-၂၀၁၄ မှ ၂၈-၆-၂၀၁၄ ထိ | ၅-၇-၂၀၁၄မှ ၃၀-၇-၂၀၁၄ ထိ | ၃၆ ကြိမ် ( ၂၆ -ကျေးရွာအုပ်စု) | ၂၈၇၄ | ၃၉% |

| | | | | | |
|---|---|---|---|---|---|
| ကျွန်းစု | ၂၁-၆-၂၀၁၄ မှ ၂၅-၆-၂၀၁၄ ထိ | ၁၅-၇-၂၀၁၄မှ ၃၀-၈-၂၀၁၄ ထိ | ၆၈ ကြိမ် ( ၁၈ - ကျေးရွာအုပ်စု) | ၅၃၀၈ | ၅၇% |
| စုစုပေါင်း | | | ၁၄၃ | ၁၀၁၉၀ | ၄၉% |

မှတ်ချက် ကျေးရွာ (၂၃) ရွာပါသောကျေးရွာအုပ်စုတစ်စုသည် ဇူလိုင်လအထိလူထုစစ်ဆေးပွဲမပြုလုပ်နိုင်သေးပါ။ နိုဝင်ဘာလမှသာကျင်းပပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ကျွန်းစုမြို့နယ်တွင် ကျန်ရှိသောလူထုစစ်ဆေးပွဲမှာစက်တင်ဘာလတွင်ပြီးစီးခဲ့ပါသည်။ ကန်ပက်လက်တွင် ကျန်ရှိသောလူထုစစ်ဆေးပွဲတစ်ခုမှာ နိုဝင်ဘာလတွင်ပြီးစီးမည်ဖြစ်ပါသည်။

လူထုစစ်ဆေးပွဲများ၏ ရလဒ်မှာအောက်ပါအတိုင်းမှတ်တမ်းထားရှိပါသည်။

- VPSC သည်အကျဉ်းချုပ်အစီအရင်ခံစာကိုပြုစုပြီး အများစုမှာလူထုစစ်ဆေးပွဲအစည်းအဝေးတွင်းတင်ပြခဲ့ သော flipchart များဖြစ်ပါသည်။ ဤစာရွက်စာတမ်းများကိုကျေးရွာလူထုမှထိန်းသိမ်းထားပါမည်။
- လူထုစစ်ဆေးပွဲအစည်းအဝေးပြုလုပ်စဉ်အတွင်း ကျေးရွာလူထု၏ကျေနပ်မှုကို အမှတ်ပေးကဒ်ဖြင့်ဆန်းစစ်ခဲ့ပါသည်။ ကျေးရွာများမှအမှတ်ပေးရာတွင် (က) ကျေးရွာလူထုပူးပေါင်းပါဝင်မှုနှင့်ပွင့်လင်းမြင်သာရှိမှု (ခ) စီမံကိန်းလုပ်ငန်းခွဲရလဒ်အပေါ် ကျေနပ်မှုရှိခြင်း တို့အပေါ် အမှတ်ပေးခဲ့ပါသည်။ ထို့အပြင်ကျေးရွာသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းပေးရန်အတွက်မှတ်တမ်းထားခဲ့ပါသည်။
- သက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သော သုံးသပ်ခြင်းအစည်းအဝေး မြို့နယ်အဆင့်ကို (၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ရက်မှ ၁၇ ရက်အထိကျင်းပပြုလုပ်ရာ ၄င်းအစည်းအဝေးတွင်တင်ပြဆွေးနွေးခဲ့သောအကြောင်းအရာများမှာ လူထုစစ်ဆေးပွဲအစည်းအဝေးပွဲမှ ရရှိသောအချက်များဖြစ်ပါသည်။

မြို့နယ်အဆင့် MSR တွင်ဆွေးနွေးခဲ့သောလူထုစစ်ဆေးပွဲမှရရှိသည့် ရလဒ်နှင့်အကြံပြုချက်များကို မြို့နယ်အသီးသီးမှအစီအရင်ခံစာရေးသားတင်ပြကြပါသည်။

(၁)။ ကျွန်းစုမြို့နယ်

(က) ကျွန်းစုမြို့နယ်တွင် ကောင်းစွာဆောင်ရွက်နိုင်သောအချက်များနှင့် ကောင်စွာမဆောင်ရွက် နိုင်သော အချက် များကို အောက်တွင်ဖော်ပြအပ်ပါသည်။

| စဉ် | **ကောင်းစွာဆောင်ရွက်နိုင်သောအချက်များ** | **ကောင်စွာမဆောင်ရွက်နိုင်သောအချက်များ** |
|---|---|---|
| ၁ | ကျေးရွာလူထု၏ဦးစားပေးလိုအပ်ချက်များအတိုင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း။ | ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ကျေးရွာအစည်းအဝေးနှင့်စည်းရုံးပေးမှုများအတွက် အကူအညီပေးမှုအားနည်းခြင်း။ |
| ၂ | ကော်မတီအဖွဲ့ဝင်များအား သင်တန်းပို့ချနိုင်ခဲ့ခြင်း | ကျေးရွာလူထုသည် ပူးပေါင်းပါဝင်မှုအားနည်းခြင်း။ အထူးသဖြင့် အစည်းအဝေးတတ်ရောက်မှုအားနည်းခြင်း |
| ၃ | စီမံကိန်းလုပ်ငန်းခွဲများသည် ၄င်းတို့ကိုယ်တိုင်ရရှိသော အထောက်အပံ့ဖြင့်ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်း | ကော်မတီအဖွဲ့ဝင်အချို့ (၁၄ဦးသာ) ကောင်စွာလုပ်ငန်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ |

(ခ) လူထုစစ်ဆေးပွဲမှရရှိသော စီမံကိန်းစက်ဝန်း-၁-၏သင်ခန်းစာနှင့် အခက်အခဲများ

| | | |
|---|---|---|
| ၁ | ပူပေါင်းပါဝင်မှုနှင့်ကျားမရေးရာ | ကျေးရွာအစည်းအဝေးနှင့်လူထုပူးပေါင်းပါဝင်မှုအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အကူအညီများလိုအပ်ခြင်း။<br>ကျေးရွာအစည်းအဝေးများကို ရွာသားများအားလပ်သည့်အချိန်တွင်ဆောင်ရွက်သင့်ခြင်း။<br>စီမံကိန်းဝန်ထမ်းများသည် စီမံကိန်းအကြောင်းကိုများစွာရှင်းပြသင့်ပြီးတာဝန်ကျရာကျေးရွာသို့မကြာခဏသွားရောက်သင့်ခြင်း။ |
| ၂ | အခြေခံအဆောက်အဦနှင့်လိုက်နာရမည့်အချက်များ | O&M သင်တန်းကို ကောင်းစွာပြုလုပ်ပေးရမည်။<br>ဆောက်လုပ်ရေးလုပ်ငန်းများကိုခြောက်သွေ့သောရာသီတွင် ဆောင်ရွက်ပေးရမည်။<br>ကျေးရွာလူထုအားလူထုစစ်ဆေးပွဲ အကြောင်းနှင့် ပါတ်ဝန်းကျင်ဆိုင်ရာအကြောင်းများကို ပိုမိုနားလည်အောင် ဆောင်ရွက်ပေးရပါမည် ။ |
| ၃ | ကျေးရွာဂယ်ယူရေး | ဂယ်ယူရေးစနစ်ကို ရိုးရှင်းအောင်ပြုလုပ်ရမည်။ အထူးသဖြင့် ဈေးပြိုင်စနစ်မှာ ခက်ခဲရှုပ်ထွေးသည်။<br>ဂယ်ယူရေးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့သည် ငွေထုတ်ရာတွင်အတူတစ်ကွ ဆောင်ရွက်သင့်ပါသည် ။<br>ဂယ်ယူရေးအစီအစဉ်နှင့် လုပ်အားခများကိုကြော်ငြာသင်ပုန်းတွင်ကပ်ထားရမည် ။ |

(ဂ) **ကျေနပ်မှုအဆင့်အတန်း**

ကျေးရွာအဖွဲ့ဝင်များနှင့် ကော်မတီအဖွဲ့ဝင်များသည်စီမံကိန်းအပေါ် ကျေနပ်မှုကိုဖေါ်ပြရာတွင် စီမံကိန်း၏ရလဒ်နှင့် လုပ်ငန်းစဉ်အပေါ် မူတည်ပြီး ဖေါ်ပြကြပါသည် ။

| | **အလွန်ကောင်း** | **ကောင်း** | **သင့်** | **တိုးတက်ရန်လိုအပ်ချက်** |
|---|---|---|---|---|
| ရလဒ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၆၆ | ၃၁ | ၂ | ၁ |
| ကျေးရွာအဖွဲ့ဝင် | ၅၉ | ၂၉ | ၉ | ၃ |
| လုပ်ငန်းစဉ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၆၄ | ၃၂ | ၄ | ၁ |
| ကျေးရွာအဖွဲ့ဝင် | ၅၆ | ၃၂ | ၁၀ | ၂ |

(၂)။ **နမ့်ဆမ်မြို့နယ်**

(က) လူထုစစ်ဆေးပွဲမှရရှိသော စီမံကိန်းစက်ဝန်း-၁-၏သင်ခန်းစာနှင့် အခက်အခဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) တိုက်ရိုက်ထောက်ပံ့ငွေရရှိမှုနောက်ကျပြီး၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်မလုံလောက်ခြင်း။

(၂) ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ အထူးသဖြင့်လွှက်ရူးချိန်။

(၃) မိုးရာသီကြောင့် စီမံကိန်းလုပ်ငန်းများ ခက်ခဲခြင်း၊နှေးကွေးခြင်း၊ မိုးရာသီကြောင့်လမ်းပမ်း ဆက်သွယ်ရေးခက်ခဲပြီး ပစ္စည်းများဈေး နှုန်းမြင့်မားခြင်းကြောင့် ဖြစ်ပါသည် ။

(၄) သယ်ယူပို့ဆောင်ရေးခက်ခဲခြင်းကြောင့် ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ပေးမှုနှောင့် နှေးခြင်း

(၅) ဆောက်လုပ်ရေးပစ္စည်းဖြစ်သောသဲနှင့်ကျောက်များ ဝယ်ယူရန်ခက်ခဲခြင်း

(၆) ခက်ခဲသောဝယ်ယူရေးစနစ်နှင့်ဈေးပြိုင်စနစ်

(၇) သတ်မှတ်ထားသောဈေးနှုန်းထက် ပို၍ဈေးကြီးခြင်း

(၈) ဘဏ္ဍာရေးပုံစံများ အချက်အလက်များဖြည့်သွင်းရန်များပြားခြင်း

(၉) ကျေးရွာတစ်ရွာစီအတွက် တိုက်ရိုက်ထောက်ပံ့ငွေလုံလောက်မှုမရှိခြင်း

(၁၀) ကျေးရွာအစည်းအဝေးများအတွက် စည်းရုံးမှုခက်ခဲခြင်း ၊ ပူးပေါင်းပါဝင်မှုအားနည်းခြင်း။

(၁၁) ရွေးချယ်တင်မြောက်ထားသောကော်မတီအဖွဲ့ဝင်များ ပူးပေါင်းကါဝင်မှုအားနည်းခြင်း။

(၁၂) စီမံအုပ်ချုပ်မှုစရိတ်နှင့် အစည်းအဝေးစရိတ်တို့မလုံလောက်ခြင်း

(၁၃) ပညာရေး နိမ့်ပါးသောကြောင့်ပုံစံများပြီးစီးအောင်မဖြည့်နိုင်ခြင်း

(၁၄) ရံပုံငွေထုတ်ယူရန်အတွက် မြို့သို့မကြာခဏ သွားရောက်ရခြင်းနှင့် ခရီးစရိတ်များ ကုန် ကျခြင်း

(၁၅) ဆောက်လုပ်ရေးအတွက်ကန်ထရိုက်ငှားရမ်းရန်ခက်ခဲခြင်း

(၁၆) လုပ်ငန်းပြီးစီးသော်လည်း လုပ်ခမရရှိခြင်း

(ခ) စီမံကိန်းစက်ဝန်း(၂) အတွက် အကြံပြုချက်များ

(၁) တိုက်ရိုက်ထောက်ပံ့ငွေကို ဆောင်ရာသီတွင်ပေးပို့ရန်၊ လွှက်ရူချိန်နှင့် မကိုက်စေရန်

(၂) စီမံကိန်းလုပ်ငန်းခွဲ၏ကာလမတိုလွန်းစေရ

(၃) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ခန့်မှန်းစရိတ်ကိုတွက်ချက်ရာတွင် ဒေသပေါက်ဈေး နှင့် တွက်ချက်ရန်

(၄) ဝယ်ယူရေးနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများလျှော့ချရန်

(၅) ပုံစံများအားရိုးရှင်းစွာပြုလုပ်ရန်နှင့် ပုံစံများလျှော့ချရန်

(၆) စီမံကိန်းလုပ်ငန်းခွဲမစတင်မီ အင်ဂျင်နီယာများမှ ကျေးရွာများသို့ကွင်းဆင်း ဆောင်ရွက်ရန်

(၇) စီမံကိန်းလုပ်ငန်းအကောင်အထည်ဖေါ်ရာတွင် ပညာတတ်သော လူငယ်များ ပါဝင်လာစေရန် ဆောင်ရွက်ပေးခြင်း

(၈) စည်းရုံးရေးမှူးများသည် ၄င်းတာဝန်ကျရာဒေသသို့ မကြာခဏသွားရောက်ပြီး ကျေးရွာလူထုအားစည်းရုံးပေးရန်

(၉) မွမ်းမံသင်တန်းများပို့ချပေးရန်

(၁၀) ကျေးရွာတွင်လူနည်းချိန်တွင် အစည်းအဝေးလုပ်ခြင်းကိုလျှော့ချရမည်

(၁၁) ကျေးရွာအဖွဲ့ဝင်များ အကြားတွင် ဗဟုသုတဖလှယ်ခြင်းတို့ကိုများစွာဆောင်ရွက်ပေးရမည် ။

(၁၂) ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့်ကော်မတီအဖွဲ့ဝင်များကြားများပူးပေါင်းညှိနိုင်းမှုများရှိရမည်

(၁၃) ရံပုံငွေထုတ်ယူခြင်းကိုတစ်ကြိမ်ထည်းဆောင်ရွက်ရန်သတ်မှတ်ပေးရမည် ။

(၁၄) စီမံခန့်ခွဲမှုစရိတ်မလုံလောက်ပါက စီမံကိန်းလုပ်ငန်းခွဲ၏ရံပုံငွေမှ ထုတ်ယူသုံးစွဲရန်အတွက်ခွင့်ပြုပေးရန်

(၁၅) တိုက်ရိုက်ထောက်ပံ့ငွေအား လူဦးရေ ၊အိမ်ထောင်စုနှင့် စီမံကိန်းလုပ်ငန်းခွဲအနေအထားပေါ်မူတည်ပြီး ခွဲဝေပေးရန်

(ဂ) ကျေနပ်မှုအဆင့်အတန်း

- စီမံကိန်းရလဒ် ။ ။ စီမံကိန်းရလဒ်အပေါ် ကော်မတီအဖွဲ့ဝင်များ၏ ကျေနပ်မှုအဆင့်များမှာ အလွန်ကောင်း=၈၄% ကောင်း=၁၆% အလယ်အလတ်=၀.၄% တိုးတက်မှုရှိရန်လိုအပ်ချက်= ၀% ရှိပါသည် ။
  စီမံကိန်းရလဒ်အပေါ် ကျေးရွာအဖွဲ့ဝင်များ၏ကျေနပ်မှုအဆင့်များမှာ
  အလွန်ကောင်း=၇၉% ကောင်း=၁၆% အလယ်အလတ်=၄.၅% တိုးတက်မှုရှိရန်လိုအပ်ချက်= ၀.၅% ရှိပါသည် ။
- စီမံကိန်းလုပ်ငန်းစဉ်။ ။ စီမံကိန်းလုပ်ငန်းစဉ်အပေါ် ကောမတီဝင်များ၏ကျေနပ်မှု

အလွန်ကောင်း=၇% ကောင်း=၂၆% အလယ်အလတ်=၄၁%

တိုးတက်မှုရှိရန်လိုအပ်ချက်= ၂၇% ရှိပါသည် ။

စီမံကိန်းလုပ်ငန်းစဉ် အပေါ် ကျေးရွာအဖွဲ့ဝင်များ၏ကျေနပ်မှုအဆင့်များမှာ

အလွန်ကောင်း=၃% ကောင်း၂၂% အလယ်အလတ်=၃၅%

တိုးတက်မှုရှိရန်လိုအပ်ချက်= ၄၀% ရှိပါသည် ။

အထက်ပါရလဒ်များအရနမ့်ဆမ်မြို့နယ်တွင် ကော်မတီအဖွဲ့ဝင်နှင့်ကျေးရွာအဖွဲ့ဝင်များ သည် စီမံကိန်းရလဒ်များအပေါ်ကျေနပ် မှုမှာမြင့်မားပြီး၊ စီမံကိန်းလုပ်ငန်းစဉ်အပေါ်ကျေနပ်မှုမှာအလွန်နည်း ပါ သည်။ ကျွန်းစုမြို့နယ်တွင် စီမံကိန်းရလဒ်နှင့်စီမံကိန်းလုပ်ငန်းစဉ်အပေါ် ကျေနပ်မှုမှာများစွာကွာခြားမှု မရှိ ပါ ။

| | အလွန်ကောင်း | ကောင်း | သင့် | တိုးတက်ရန်လိုအပ်ချက် |
|---|---|---|---|---|
| ရလဒ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၈၄ | ၁၆ | ၄ | ၀ |
| ကျေးရွာအဖွဲ့ဝင် | ၇၉ | ၁၆ | ၄.၅ | ၀.၅ |
| လုပ်ငန်းစဉ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၇ | ၂၆ | ၄၁ | ၂၇ |
| ကျေးရွာအဖွဲ့ဝင် | ၃ | ၂၂ | ၃၅ | ၄၀ |

(၃) **ကန်ပက်လက်မြို့နယ်**

(က) **ကျေးရွာအုပ်စုအဆင့်မှ ရရှိခဲ့သော သင်ခန်းစာနှင့် အခက်အခဲများ**

| **အကြောင်းအရာ** | **အဓိကအကြံပြုချက် (၃)ခု** |
|---|---|
| အစည်းအဝေတွင် ပါဝင်ရေးနှင့် ကျား/မ တန်းတူရေး | ၁) VPSC နှင့် VTPSC တို့ဦးဆောင်ပြီး အစည်းအဝေးများပုံမှန်ကျင်းပရန်<br>၂) ဖြစ်နိုင်လျှင် CF များမှ ကော်မတီအဖွဲ့ဝင်များအား အစည်းအဝေး တက်ရောက်ရန်ဖိတ်ကြားရမည်။<br>၃) ကော်မတီဝင်များသည် အမျိုးသမီးများ အစည်းအဝေးတက်ရန်နှင့် တက်တက်ကြွ ကြွမရှိသူများအား ပါဝင်လာဝေရန်ဆောင်ရွက်ပေးရမည် ။ |
| အခြေခံအဆောက်အဦနှင့် ပါတ်ဝန်းကျင်ဆိုင်ရာလိုက်နာရမည့်အချက်များ | ၁) ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများ၏ဒီဇိုင်းကိုစောနိုင်သမျှ စောပြီး ဆောင်ရွက်ရမည် ။ ပြီးလျှင် ဆောက်လုပ်ရေးပစ္စည်းများနှင့် နည်းပညာကြီးကြပ်ခြင်းကိုဆောင်ရွက်ရမည်။<br>၂) ဖြစ်နိုင်လျှင် ပါတ်ဝန်း ကျင်ထိခိုက်မှု ကိုရှောင် ရှားရမည်<br>၃) ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းစက်ဝန်းများတွင် သီးနံ့များနှင့် သက်ဆိုင်သောစက်ပစ္စည်းကရိယာများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို အထောက်အပံ့ပေးရန် |
| ကျေးရွာဝယ်ယူရေး | ၁)သင်တန်းများစွာပို့ချပေးရမည် ရုပ်ထွေးသောပုံစံများကို လျော့ချပေးရမည်။<br>၂) ကော်မတီဝင်များသည် ရောင်းချသူများနှင့် တင်ဒါ ဖြင့်ဝယ်ယူရေး လုပ် |

| | |
|---|---|
| | ငန်းစဉ်ကို လက်ခံလာအောင်ညှိနိုင်းဆောင်ရွက်ရမည်။<br>၃) ဒုတိယစက်ဂန်းအားစောအောင်ဆောင်ရွက်ပေးခြင်းဖြင့် ဆောက်လုပ်ရေးပစ္စည်းများ ဂယ်ယူရေးနှင့် သယ်ယူရေးကို စောလျှင်စွာ ဆောင်ရွက်နိုင်ပါမည်။ |
| လုပ်ငန်းစောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံစာပြုစုခြင်း | ၁) M& E ဆပ်ကော်မတီမှ ပညာတတ်သော အဖွဲ့ဂင်တစ်ဦးမှ အစီရင်ခံစာရေးသားပြုစုရန်<br>၂) စီမံကိန်းစက်ဂန်း(၁) တွင် M&E သင်တန်းများ စွာပို့ချပေးပါရန်<br>၃) ကော်မတီအစည်းအဂေးများပြုလုပ်ရာတွင် အထူးသဖြင့်M&E ဆပ်ကော်မတီအစည်းအဂေးပြုလုပ်ရာတွင် ဉက္ကဌမှ ဦးဆောင်ကျင်းပရန်။ |
| အကြံပြုတိုင်ကြားရေးနှင့်ဖြေရှင်းခြင်း | ၁) ကျေးရွာသားများအားအကြံပြုတိုင်ကြားရေးစာများပေးပို့ရန်အတွက် တွန်းအား ပေးသင့်ပါသည်။<br>၂) ကျေးရွာသားများအား လူမှုရေးတာဂန်ယူမှုများကို အားပေးပြီး အကြံပြုတိုင်ကြားချက်များကို ၄င်းတို့၏လိုအပ်ချက်နှင့်အညီဖြေရှင်းပေးရမည် ။<br>၃) ကျေးရွာအုပ်စု ကော်မတီသည် အကြံပြုတိုင်ကြားရေးဖြေရှင်းချက်ကို ထိရောက်စွာဆောင်ရွက်ပေးရမည် ။ |
| ဘဏ္ဍာရေး စီမံခန့်ခွဲမှု | ၁) ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကို တစ်ကြိမ်လျှင် (၃)ရက်ပို့ချပေးပါရန် သို့မှသာ ၄င်းဘာသာရပ်ကိုမားလည်သဘောပေါက်နိုင်မည်ဖြစ်ပါသည် ။<br>၂) ဖြစ်နိုင်လျှင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ကိုယ်စားလှယ်အဖွဲ့မှ ကျေးရွာများအရောက် တိုက်ရိုက်သင်တန်းပို့ချပေးရန်<br>၃) ဂယ်ယူရေးလုပ်ငန်းများအတွက် ကြိုတင်ငွေခွင့်ပြုပေးရန်နှင့် နောက်နှစ်တွင် တိုက်ရိုက်ထောက်ပံ့ငွေအားတိုးမြှင့်ခွဲဂေပေးရန် |

(ခ) ကျေနပ်မှုအဆင့်

- စီမံကိန်းရလဒ် ။ ။ စီမံကိန်းရလဒ်အပေါ် ကော်မတီအဖွဲ့ဂင်များ၏ ကျေနပ်မှုအဆင့်များမှာ အလွန်ကောင်း=၆၆% ကောင်း=၃ဂ% အလယ်အလတ်=၃.၈% တိုးတက်မှုရှိရန်လိုအပ်ချက်= ဂ.၂% ရှိပါသည် ။
  စီမံကိန်းရလဒ်အပေါ် ကျေးရွာအဖွဲ့ဂင်များ၏ကျေနပ်မှုအဆင့်များမှာ
  အလွန်ကောင်း=၆ဂ ကောင်း=၃၅% အလယ်အလတ်=၅% တိုးတက်မှုရှိရန်လိုအပ်ချက်= ၁% ရှိပါသည် ။
- စီမံကိန်းလုပ်ငန်းစဉ်။ ။ စီမံကိန်းလုပ်ငန်းစဉ်အပေါ် ကောမတီဂင်များ၏ကျေနပ်မှု
  အလွန်ကောင်း=၆၈% ကောင်း=၃၁% အလယ်အလတ်=ဂ.၄% တိုးတက်မှုရှိရန်လိုအပ်ချက်= ဂ.၁% ရှိပါသည် ။
  စီမံကိန်းလုပ်ငန်းစဉ် အပေါ် ကျေးရွာအဖွဲဂင်များ၏ကျေနပ်မှုအဆင့်များမှာ
  အလွန်ကောင်း=၆ဂ% ကောင်း၃၅% အလယ်အလတ်=၅% တိုးတက်မှုရှိရန်လိုအပ်ချက်= ၁% ရှိပါသည် ။

ကန်ပက်လက်မြို့နယ်၏ရလဒ်များသည် ကျွန်းစုနှင့်ဆင်တူပြီးနမ့်ဆမ်မြို့နယ်တစ်ခုထဲသာ ကွဲပြားနေပါသည် ။

| | အလွန်ကောင်း | ကောင်း | သင့် | တိုးတက်ရန်လိုအပ်ချက် |
|---|---|---|---|---|
| ရလဒ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၆၆ | ၃၀ | ၃.၈ | ၀.၂ |
| ကျေးရွာအဖွဲ့ဝင် | ၆၀ | ၃၅ | ၅ | ၁ |
| လုပ်ငန်းစဉ် | | | | |
| ကော်မတီအဖွဲ့ဝင် | ၆၈ | ၃၁ | ၀.၄ | ၀.၁ |
| ကျေးရွာအဖွဲ့ဝင် | ၆၀ | ၃၅ | ၅ | ၁ |

## ၆။ သက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သော သုံးသပ်ခြင်းအစည်းအဝေး ( MSR )

### ၆-၁။ မြို့နယ်အဆင့်

စီမံကိန်းမြို့နယ် (၃) မြို့နယ်တွင် MSR ကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ( ၁၇) ရက်မှ (၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည် ။ ၎င်းနှင့်ပါတ်သက်၍ အသေးစိတ်အစီရင်ခံစာကို ၂၀၁၃/၁၄ နှစ်ချုပ် အစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ်ဖေါ်ပြထားပါသည် ။

(၁) ကျွန်းစု မြို့နယ်

ကျွန်းစုမြို့နယ်တွင် MSR အစည်းအဝေးသို့ စုစုပေါင်း (၅၀၅) ဦးတက်ရောက်ခဲ့ပြီး ၊ မြို့နယ်အစိုးရအရာရှိ (၄၇၃) ဦးတက်ရောက်ခဲ့ပါသည် ။ ထို့ပြင် အခြားအဖွဲ့အစည်း များဖြစ်သော (TPIC, INGO/NGO, World Bank, Union DRD) အစရှိသည့်အဖွဲ့များနှင့် ကျွန်းစုမြို့နယ်မှ DRD ဝန်ထမ်းများစုစု ပေါင်း (၃၂)ဦးတို့တက်ရောက်ခဲ့ပါသည် ။

(၂) နမ့်ဆမ်မြို့နယ်

နမ့်ဆမ်မြို့နယ်တွင် MSR အစည်းအဝေးကို (၁၁-၈-၂၀၁၄) နေ့တွင်ကျင်းပခဲ့ပြီး ၊ ၄၂၈ ဦးတက်ရောက်ခဲ့ပါသည် ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ လည်းတက်ရောက်ခဲ့ကြပါသည် ။ ထို့ပြင် မြို့နယ်၊ ခရိုင်ဌာနဆိုင်ရာအကြီးအကဲ များ၊INGO များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ၊ ကျေးရွာ/ကျေးရွာအုပ်စု ကော်မတီဝင်များတက်ရောက်ခဲ့ပါသည် ။

နမ်ဆမ်မြို့နယ် MSR အစည်းအဝေးမှ အောက်ပါအချက်များကို သုံးသပ်ခဲ့ပါသည် ။

(က) စီမံကိန်းလုပ်ငန်းခွဲများကို မြို့နယ်အာဏာပိုင်များမှ အတည်ပြုချက်ပေးရန် လုပ်ငန်းများထပ်နေခြင်းမှရှောင်ကျဉ်ရန်၊ စီမံကိန်းစက်ဝန်း(၂)တွင်လူထုဗဟိုပြုစီမံကိန်းနှင့် ပိုမိုညှိနိုင်းရန်နှင့် အကူအညီပေးရန်။

(ခ) စီမံကိန်းလုပ်ငန်းခွဲများကိုအကောင်အထည်ဖေါ်ရန် အခက်အခဲရှိနေသော ကျေးရွာများအား မြို့နယ်အဖွဲ့အစည်းမှ ညှိနိုင်း ဆောင်ရွက်ပေးရန်နှင့် လမ်းညွှန်ချက်များ ၊ အကူအညီများ ပေးရန်။

(ဂ) တိုက်ရိုက်ထောက်ပံ့ငွေကို လူဦးရေ၊ အိမ်ထောင်စုများ အရေအတွက်နှင့် စီမံကိန်းလုပ်ငန်း အမျိုးအစားပေါ်မူတည်ပြီး ခွဲဝေပေးရန်။

(ဃ) တိုက်ရိုက်ထောက်ပံ့ငွေခွဲဝေပေးခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လွှက်ခူးချိန်နှင့်လွှဲ၍ ဆောင်ရွက်ပေးရန်

(င) မြို့နယ်အုပ်ချုပ်ရေး နယ်နမိတ်အတွင်းမပါဝင်သော ကျေးရွာအား စီမံကိန်း အကျိုးအမြတ် ကို ခံစား စေရမည် ။

(စ) ရေရှည်တည်တန့်ရေးအတွက် O& M စီမံချက်အား သေချာစွာအကောင်အထည်ဖေါ်ဆောင် ရွက်သင့်သည် ။

(ဆ)နမ့်ဆမ်မြို့နယ်အတွက် ( ၂၀၁၃-၂၀၁၄ ) စီမံကိန်းစက်ဝန်း (၁) အတွက် တိုက်ရိုက်ထောက်ပံ့ ငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ( ၅၄၁၆.၂ ) လက်ခံရရှိပါသည် ။ ၎င်းတွင် စီမံခန့်ခွဲမှု စရိတ်မပါဝင်ပါ ။

MSR ပြုလုပ်ချိန်တွင်လေ့လာတွေ့ရှိချက်များအရ အမျိုးသမီးများသည် ကျား/မတန်းတူအခွင့်အရေးရရှိခဲ့ပြီး တန်းတူဆွေးနွေးခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည် ။

## ၆-၂။ ပြည်ထောင်စုအဆင့်

၂၂။ ပြည်ထောင်စုအဆင့်တွင် DRD နှင့် ကမ္ဘာ့ဘဏ်တို့၏သင်ခန်းစာသီတင်းပါတ်ကို MSR အပြီးဆောင် ရွက်ခဲ့ပါသည်။ MSR အစည်းအဝေးအပြီး တွင် သင်ခန်းစာသီတင်းပါတ်အဖြစ်နည်းပညာသင်ခန်းစာနှင့် ပြန်လည် ဆွေးနွေးခြင်းကို(၂) ရက် ဆက်လက် ကျင်း ပါခဲ့ပါသည်။ ဤ သင်ခန်းစာသီတင်းပါတ်မှ လုပ်ငန်းဆိုင်ရာ တုန့်ပြန်မှုကို ရရှိခဲ့ပါသည် ။ ဤ လုပ်ငန်း စဉ်အတွက် ၂၀၁၅ ခုနှစ် တွင် ပြပွဲများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်MSR ၏တွေ့ရှိချက်များကို နောက်ဆက်တွဲ (၄) တွင်ဖေါ်ပြထားပါသည်။ အကျဉ်းချုပ်ကိုအောက်ပါအတိုင်းဖေါ်ပြထားပါသည်။

၁။ ကျေးရွာလူထုပါဝင်မှု

- ကျေးရွာစက်ဝန်းသည် အလွန်လျှင်မြန်ခြင်းမရှိစေရ
- မြို့နယ်လုပ်ငန်းစီမံချက်သည် ဒေသအခြေအနေပေါ်မူတည်ရမည် ။

- ကျေးရွာလူထုအား ကျေးရွာ၊ကျေးရွာအုပ်စုကော်မတီများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းချက်များကို သေချာစွာရှင်းပြရမည် ။
- ကျေးရွာလုပ်ငန်းစီမံကိန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပါဝင်ဆောင်ရွက်ရမည် ။

၂။ကျေးရွာစီမံချက်ရေးဆွဲခြင်း

- ကျေးရွာအုပ်စုတစ်ခုတွင်ပါဝင်သောကျေးရွာအုပ်စုအတွက်စီမံကိန်းတိုက် ရိုက်ထောက်ပံ့ငွေခွဲဝေ ပေးမှု တွက်ချက်နည်းကိုပြန်လည်စဉ်းစားရန်။
- စီမံကိန်းလုပ်ငန်းခွဲ၏အမျိုးအစားနှင့် ထောက်ပံ့ငွေပမာဏကို ပြန်လည်စဉ်းစားရမည်။
- သွားလာရသည့်ခရီးအကွာအဝေးပေါ်မူတည်ပြီး စီမံကိန်းလုပ်ငန်းခွဲ၏ စီမံခန့်ခွဲမှုစရိတ်ကို တိုးမြင့်ပေးရန်
- ကျေးရွာအုပ်စုကော်မတီအဆင့်တွင်ပါဝင်သော ကိုယ်စားလှယ်များသည် ကျေးရွာအုပ်စုတစ်ခုစီအတွက်ဖြစ်ရမည်။

၃။စီမံကိန်းလုပ်ငန်းခွဲပြင်ခြင်း

- စီမံကိန်းလုပ်ငန်ခွဲများဘတ်ဂျက်ရေးဆွဲရာ တွင် ဒေသပေါက်ဈေးနှင့်အညီရေးဆွဲပြီး ခရီးစရိတ်များ ကို ထည့်သွင်းရေးဆွဲရမည် ။
- အစီရင်ခံစာပုံစံများသည် ရိုးရှင်းပြီး အရေအတွက်လျှော့ချရမည်၊လက်မှတ်ရေးထိုးခြင်းကိုလည်းရှင်းလင်းအောင်ဆောင်ရွက်ရမည်။
- ကျေးရွာအုပ်စုဘဏ္ဍာရေးကော်မတီနှင့် ကျေးရွာဝယ်ယူရေးဆပ်ကော်မတီတို့အားသင်တန်းများပို့ချပေးပြီး အတူတကွလုပ်ငန်းများကို ဆောင်ရွက်ရမည် ။

၄။စီမကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်း

- ဝယ်ယူရေး လုပ်ငန်းစဉ်များ နှင့် ပုံစံများ ရိုးရှင်းရမည် ။
- ကျေးရွာအုပ်စု များမှဘဏ်တွင်ငွေထုတ်ရန်အနည်းဆုံး(၃) ကြိမ်ခန့်ဆောင်ရွက်ရမည် ။

### ၆-၃။ စီမံကိန်းလက်စွဲနောက်ဆုံးအတည်ပြုချက်

MSR ၏တွေ့ရှိချက်၊ အကြံပြုချက်များအရ စီမံကိန်းလက်စွဲကို ၂၀၁၄ ခုနှစ်ဩဂုတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ လူထုဗဟိုပြုစီမံကိန်းကျွမ်းကျင်ပညာရှင် Mr. Victor Bottini နှင့်ညှိနှိုင်းတိုင်ပင်၍ ပြန်လည်ပြင်ဆင် ခဲ့ပါသည်။ အဓိကပြုပြင်ခဲ့သောအချက်များမှာ စီမံကိန်းလက်စွဲအပိုင်း (၁) တွင် တိုက်ရိုက်ထောက်ပံ့ငွေခွဲဝေ ပေးခြင်းနှင့်အသုံးပြုခြင်း၊ အပိုင်း (၃) တွင်ပုံစံများ အားအရည်အတွက်လျှော့ချခြင်းနှင့်ရိုးရှင်းအောင်ပြုလုပ်ခြင်း တို့ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲချက်အကျဉ်းချုပ်အား

အောက်ပါအတိုင်းဖော်ပြထားပြီး၊ အပိုင်း (၁) ၏ပြုပြင် ပြောင်းလဲမှု အပြည့်အစုံကို နောက်ဆက်တွဲ (၂) တွင်ဖော်ပြထားပါသည်။

(က) အပိုင်း(၁) (စီမံကိန်းအကြောင်းအရာများ)

(၁) တိုက်ရိုက်ထောက်ပံ့ငွေ (ပမာဏများလာခြင်း၊ ပိုဂင်သောအကြောင်းအရာ မပြောင်းလဲခြင်း)၊ စီမံခန့်ခွဲမှုစရိတ် ၂% မှ ၄-၆% အထိတိုးလာခြင်း

(၂) စီမံကိန်းလုပ်ငန်းခွဲအတွက် အနည်းဆုံး တိုက်ရိုက်ထောက်ပံ့ငွေမှာ (၂- ကျပ်သန်း) ဖြစ် ပြီးအများဆုံးမှာ (၄၀ ကျပ်သန်း) မှတိုးမြှင့်အတည်ပြုခြင်းကို ပြည်ထောင်စု DRD နှင့်ကမ္ဘာဘဏ်တို့မှ အတည် ပြုရမည်ဖြစ်သည်။ အများဆုံးရန်ပုံငွေသည် (၁၁၀) ကျပ်သန်းဖြစ်သည်။

(၃) Cost- overrun ကို၇% ၊ ၇-၁၅%၊ နှင့် ၁၅%အထက် သတ်မှက်ထားပါသည်။ စီမံကိန်း စက်ဂန်း (၃) အတွက် over run ကိုခွင့်မပြုထားပါ။

(၄) DRD သည် အလွဲသုံးစားလုပ်မှုအတွက် စစ်ဆေးသုံးသပ်ရမည်။

(၅)လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက်၊ လုပ်ငန်းစီမံကိန်းများ တိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန်အတွက် စီမံကိန်းရန်ပုံငွေများနှင့် ပစ္စည်းများအသုံးမပြုဘဲ ကျန်ရှိနေခြင်း။ ဤကဲ့သို့အသုံးမပြု ဘဲကျန်ရှိနေသောရန်ပုံငွေများကို မှတ်တမ်းထားရမည်။ ၎င်းကို အသိ ပေးတင်ပြရမည်။ ပိုနေသောပစ္စည်းများကို စာရင်းသွင်းမှတ်ထားရမည်။

(၆) စီမံကိန်းတိုက်ရိုက်ထောက်ပံ့ငွေကို ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲများအား TPIA မှ အတည်ပြုချက်ရရှိပြီးမှ ထုတ်ယူနိုင်သည်။ စီမံခန့်ခွဲမှုစရိတ်ကိုအသုံးပြုနိုင်သည်။ ခွင့်ပြုချက်မရဘဲ ငွေထုတ်ခြင်း မပြုရ။

(ခ) အပိုင်း ၂ (ကျေးရွာစီမံကိန်းစက်ဂန်း)

(၁) ကျေးရွာလူထု၏ မိမိတို့လုပ်ငန်းဖြစ်ကြောင်းခံယူချက်ရှိရမည်။

(၂) ကျေးရွာဂယ်ယူရေးအဆင့်ပြုပြင်ပြောင်းလဲခြင်း

(၃) တာဂန်ယူမှု၊ လိုက်နာရမည့်ကျင့်ဂတ်နှင့် လူထုစစ်ဆေးပွဲလုပ်ငန်းစဉ်များ ပြန်လည်ပြင်ဆင် ခြင်းနှင့်ရိုးရှင်းအောင်ပြုလုပ်ခြင်း

(ဂ) အပိုင်း ၃ (ပုံစံများ) ပုံစံအရေအတွက်များလျော့ချခြင်းနှင့် ပါဝင်သောအကြောင်းအရာများကို ရိုး ရှင်းအောင်ပြုလုပ်ခြင်းနှင့်ပုံစံနံပါက်တွင်ကုတ်နံပါက်များဖော်ပြခြင်း

(ဃ) အပိုင်း ၄ ဘဏ္ဍာရေးစီမံခန့်ခွဲမှုလက်စွဲ နောက်ဆုံးအတည်ပြုချက်

(င) အပိုင်း ၅ ပြန်လည်ပြင်ဆင်ရေးသားခြင်း

ကမ္ဘာ့ဘဏ်မှကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာကို စက်တင်ဘာလနောက်ဆုံးပတ်တွင် လက်ခံ ရရှိခဲ့ပြီး၊ ဆက်လက်ဆောင်ရွက်ရန်မှာ (၁) မြန်မာဘာသာသို့ပြန်ဆိုခြင်း (၂) အင်္ဂလိပ်ဘာသာနှင့် မြန်မာ ဘာသာကိုပေးပို့၍ စစ်ဆေးပြီးပုံနှိပ်ထုတ်ဝေရန်နှင့် ခန့်မှန်းထုတ်ဝေမည့်အရေအတွက်မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

| <u>ပုံနှိပ်ထုတ်ဝေမည့်ဘာသာ</u> | <u>အရေအတွက်</u> |
|---|---|
| စီမံကိန်းလက်စွဲ (မြန်မာ + အင်္ဂလိပ်ဘာသာ) | ၁၅၀၀ |
| စီမံကိန်းလက်စွဲ (မြန်မာဘာသာ) | ၂၅၀၀၀ |
| စီမံကိန်းလက်စွဲ အကျဉ်းချုပ် (ကျေးရွာအတွက်) | ၃၀၀၀၀ |

အကြံပြုတိုင်ကြားခြင်းကိုင်တွယ်ဖြေရှင်းခြင်း

## ၇။ အကြံပြုတိုင်ကြားခြင်းကိုင်တွယ်ဖြေရှင်းခြင်း

အကြံပြုတိုင်ကြားခြင်း ကိုင်တွယ်ဖြေရှင်းခြင်းလုပ်ငန်းများကို အစီရင်ခံသည့်ကာလအတွင်း အောက်ပါ အတိုင်းဆောင်ရွက်ခဲ့ပါသည်။

(က) ပြည်ထောင်စုအဆင့်တွင်တုံ့ပြန်သည့်ကော်မတီအစည်းအဝေးပြုခဲ့ပြီး အကြံပြုတိုင်းကြားချက်များကို အချိန်မီပြန်လည်တုံ့ပြန်ခဲ့သည်။

(ခ) အကြံပြုချက်ကို ပုံမှန်လက်ခံရရှိခဲ့ပြီး ပြန်လည်ဖြေရှင်းချက်များကို မြို့နယ်နှင့်ကျေးရွာအုပ်စုအဆင့်များ မှ ပြန်လည်ပေးပို့ခဲ့ပါသည်။

(ဂ) အကြံပြုတိုင်ကြားချက်အပိုင်းအား စီမံကိန်းလက်စွဲတွင်ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။

(ဃ) အပြီးသတ်အကြံပြုတိုင်ကြားခြင်းစီမံခန့်ခွဲမှုအစီအရင်ခံစာကို DRD သို့တင်ပြခဲ့ပါသည်။

(င) စီစစ်သုံးသပ်ခြင်း၊ အချက်အလက်များစစ်ဆေးခြင်းနှင့်အစီအရင်ခံစာရေးသားခြင်းကိုပုံမှန်ဆောင်ရွက်ခဲ့ပါသည်။

(စ) ကျေးရွာလူထု/ ကျေးရွာ/ ကျေးရွာအုပ်စုကော်မတီများနှင့်စီမံကိန်း (၃) မြို့နယ်မှ လူထုစည်းရုံးရေးမှုများအတွက် တာဝန်ယူမှုအပိုင်းအားစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

(ဆ) နမ့်ဆန်မြို့နယ်မှ သတင်းဆက်သွယ်ရေးပြန်ကြားရေးအရာရှိအသစ်အား သတင်းဆက်သွယ်ပြန်ကြားရေးဆိုင်ရာအချက်အလက်များပေးပို့ခြင်း

(ဇ) မီဒီယာများအတွက် အကြံပြုတိုင်ကြားရေးသတင်းအချက်များပြင်ဆင်ခြင်း

(ဈ) မြို့နယ်စီမံကိန်းရုံးတွင် လူထုစစ်ဆေးပွဲသင်တန်းတွင်ပါဝင်ခြင်း၊ ကျေးရွာအုပ်စုအဆင့်တွင် ပြုလုပ်သောလူထုစစ်ဆေးပွဲအစည်းအဝေး ရွေ့ပြေးအစည်းအဝေးတွင်ပါဝင်ခဲ့ပါသည်။

(ည) ပြည်ထောင်စုနှင့်မြို့နယ် MSR အစည်းအဝေးတွင်ပါဝင်ခဲ့ပါသည်။

(ဧ) TOT (100) သင်တန်းတွင်ပြည်နယ်နှင့်တိုင်းမှDRD ဝန်ထမ်းများပါဝင်ခဲ့ပါသည်။

(ဆ) အကြံပြုတိုင်ကြားရေး ကိစ္စတစ်ရပ်အား ပြည်ထောင်စု MIS database တွင် ထည့်သွင်းခြင်း

### ၇-၁။ စီမံကိန်းလက်စွဲတွင် အကြံပြုတိုင်ကြားရေးစီမံခန့်ခွဲမှုပြင်ဆင်ခြင်း

စီမံကိန်းလက်စွဲတွင် အကြံပြုတိုင်ကြားရေး ကိုင်တွယ်ဖြေရှင်းခြင်းနှင့်ပတ်သက်ပြီးကမ္ဘာ့ဘဏ်ကျွမ်းကျင်ပညာရှင်နှင့်တိုင်ပင်ပြီးပြင်ဆင်ခဲ့ပါသည်။ အထူးသဖြင့်အဓိကအချက် (၃) ချက်ကိုပြင်ဆင်ခဲ့ပါသည်။ အထူးသဖြင့်အဓိကအချက်(၃) ချက်ကိုပြင်ဆင်ခဲ့ပါသည်။ (၁) အကြံပြုတိုင်ကြားခြင်းအကြောင်းအရာ (၂) လိုက်နာရမည့်ကျင့်ဝတ်များကိုရိုးရှင်းအောင်ပြုလုပ်ခြင်း (၃) အရေးယူအပြစ်ပေးခြင်းအတွက်ရှင်းလင်းချက်ချက်များဖြစ်ပါသည်။

### ၇-၂။ မွမ်းမံသင်တန်း

ပြည်ထောင်စုအဆင့် MSR အစည်းအဝေးပြီးဆုံးသောအခါ မွမ်းမံသင်တန်းကို စီမံကိန်းမြို့နယ် (၃) မြို့နယ်၏ TTA ,CF , TF နှင့် DRD ဝန်ထမ်းများ ဩဂုတ်လ ၁၄ ရက်မှ ၁၅ ရက်နေ့အထိပို့ချခဲ့ပါသည်။ ဤသင်တန်းကာလအတွင်း အကြံပြုတိုင်ကြားခြင်းဖြေရှင်းခြင်းအား ပိုမိုအားကောင်းအောင် MSR တွင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ထို့နောက်သက်ဆိုင်သောအဖွဲ့အစည်းများအားလုံး ၊ ကျေးရွာသားများ၊ ကျေးရွာနှင့်ကျေးရွာအုပ်စုကော်မတီများနှင့် စီမံကိန်းဝန်ထမ်းများအား အပြင်အထန်အဖြေရှာခြင်းကိုပြုလုပ်ခဲ့ပါသည်။

## ၇-၃။ အကြံပြုတိုင်ကြားခြင်းအမျိုးအစားနှင့်ဖြေရှင်ခြင်းအဆင့်များအပေါ် မူတည်ပြီးစီစစ်ခြင်း

၂၈။ အောက်ပါဇယား (၇) တွင် အကြံပြုတိုင်ကြားချက်များကို ဤအစီအရင်ခံသည့်ကာလအတွင်း လက်ခံရရှိခြင်း၊ ဖြေရှင်းခြင်းစသည့်အကျဉ်းချုပ်များကိုဖော်ပြထားပါသည်။ အကြံပြုတိုင်ကြားချက်သုံးလပတ်အစီရင်ခံစာကို နောက်ဆက်တွဲ (၄) တွင်ဖော်ပြထားပါသည်။ အချုပ်အားဖြင့်ဆိုလျှင် အကြံပြုတိုင်ကြားချက်စီမံခန့်ခွဲမှုစနစ်သည် ကောင်းစွာလုပ်ဆောင်နိုင်ခဲ့ပြီး ဒုတိယသုံးလပက်အတွင်း ကျေးရွာလူထု၏ ၉၉% သောအကြံပြုတိုင်ကြားချက်များကို ပုံမှန်ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

**ဇယား (၇) အကြံပြုတိုင်ကြားချက်လက်ခံရရှိခြင်းနှင့်ဖြေရှင်းချက်များ**

| | မြို့နယ် | နမ့်ဆမ် | ကန်ပက်လက် | ကျွန်းစု | ပြည်ထောင်စု | စုစုပေါင်း |
|---|---|---|---|---|---|---|
| စုစုပေါင်းအရေအတွက် | | | | | | |
| | စုစုပေါင်းလက်ခံရရှိမှု | ၈၀ | ၁၅၉ | ၇၉ | ၃ | ၃၁၈ |
| | ဖြေရှင်းပေးမှုစုစုပေါင်း | | | | | ၉၉% |
| | အမျိုးသမီးများ၏အကြံပြုတိုင်ကြားရေး | | | | | ၂၀% |
| | | ၁၀၀% | ၁၀၀% | ၉၃% | ၁၀၀% | ၉၉% |
| အကြံပြုတိုင်ကြားရေးအမျိုးအစားနှင့်ကြိမ်နှုန်း | | | | | | |
| | ကျေးရွာ၏လိုအပ်ချက်များ | | | | | |
| | (က) ရံပုံငွေပိုမိုရရှိရေး | | ၈ | ၃ | | ၁၁ |
| | (ခ)အသက်မွေးဝမ်းကြောင်း | ၁ | ၇ | | | ၈ |
| | (ဂ)ဆောင်ရွက်နိုင်သောစီမံကိန်းစာရင်းမှအခြားစီမံကိန်း လုပ်ငန်းခွဲများအတွက်ရံပုံငွေရရှိရန် | ၁ | ၈ | | | ၉ |
| | (ဃ)လစာနှင့်နေ့တွက်စရိတ် | | ၃ | | | ၃ |
| ၂ | ကျေးရွာကော်မတီအပေါ် လူထု၏အကြံပြုတိုင်ကြားချက် | ၁ | ၉ | ၆ | | ၁၆ |
| ၃ | ကျေးရွာစီမံကိန်းအထောက်အပံ့အပေါ် ကျေးဇူးတင်ရှိကြောင်း အကြံပြုတိုင်ကြားခြင်း | | ၅ | ၂ | | ၇ |
| ၄ | စီမံကိန်းလုပ်ငန်းခွဲဒီဇိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ | | ၃ | ၁ | | |
| ၅ | စီမံကိန်းပုံစံများ ရှုပ်ထွေးခြင်းနှင့်များပြားခြင်း | ၁ | ၁ | | | |
| ၆ | ပြည်ထောင်စုနှင့် မြို့နယ် ဝန်ထမ်းရေးရာစီမံခန့်ခွဲခြင်း | | | ၁ | ၄ | ၅ |
| ၇ | CF/TF များအပေါ် အအကြံပြုတိုင်ကြားခြင်း | | ၃ | | ၁ | ၄ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | ရံပုံငွေထုတ်ယူမှုနောက်နေးခြင်း | | ၁ | | | ၁ |
| ၉ | စီမံကိန်းမူဝါဒအပေါ်အကြံပြုတိုင်ကြားခြင်း | | ၂ | | | |
| ၁၀ | အခြား | | | ၁ | ၁ | |
| | စုစုပေါင်း | ၄ | ၅၀ | ၁၆ | ၅ | ၇၃ |

**စီမံကိန်းစက်ဝန်း (၁) တွင်စုစုပေါင်းလက်ခံရရှိခဲ့သော/ ဖြေရှင်းခဲ့သောအကြံပြုတိုင်ကြားချက်အ ကျဉ်းချုပ်**

(က) ကန်ပက်လက်မှ (၁၅၉) ခု၊ နမ့်ဆန်မှ (၈၀)၊ ကျွန်းစုမှ (၇၉)၊ စုစုပေါင်း (၃၁၈)ခု၊ အကြံပြုတိုင်ကြား ချက်များရရှိခဲ့ပြီး (၉၉%) ကိုဖြေရှင်းပေးနိုင်ခဲ့ပါသည်။

(ခ) အကြံပြုတိုင်ကြားချက် (၂၀%) ကိုအမျိုးသမီးမှဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ၈၉% သောအကြံပြုတိုင်ကြားချက်များကိုကျေးရွာလူထုမှပြုလုပ်ခဲ့ပြီးကျန်ရှိသောအကြံပြုချက်ကိုဝန် ထမ်းများမှဆောင်ရွက်ခဲ့ပါသည်။

(ဃ) ၉၄% သောအကြံပြုတိုင်ကြားချက်ကို မြို့နယ်မှဖြေရှင်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်း၏၁/၃ပုံကို ပြည်ထောင်စုအဆင့်မှဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

(င) အကြံပြုတိုင်ကြားချက် ၁၄ ခုသည်အရေးကြီးသောအချက်များဖြစ်ပြီး ကျွန်းစုမှ ၁၃ ခုနှင့် နမ့်ဆန်မှ ၁၃ ခုတို့ဖြစ်ပါသည်။

(စ) အခြားအကြံပြုတိုင်ကြားချက်မှ (၂၇၀) ခုရှိပြီးတုံ့ပြန်မှုများဆောင်ရွက်ခဲ့ပါသည်။

အကြံပြုတိုင်ကြားချက်များမှာ အကြံပြုစာပုံးမှလက်ခံရရှိခဲ့ပါသည်။ ဤကာလအတွင်း ဆောက် လုပ်ရေးလုပ်ငန်းများမရှိပါ။ အကြံပြုတိုင်ကြားခြင်းများသည် ဒုတိယသုံးလပါတ်ကာလထက် လျော့ နည်းပါသည်။ လူထုစစ်ဆေးပွဲနှင့် MSRအစည်းအဝေးတွင်လူထု၏အသံများကို နားထောင် ဖြေရှင်း ခဲ့ပါသည်။ အကြံပြုတိုင်ကြားချက်များ၏ အများစုသည်မြို့နယ်အဆင့်နှင့် တိုက်ရိုက်သက် ဆိုင်ပြီး လေးပုံတစ်ပုံမှာ ပြည်ထောင်စုအဆင့်နှင့်သက်ဆိုင်ပါသည်။ ကျေးရွာအုပ်စုကော်မတီ၏တုံ့ပြန်မှုမှာ လျှင်မြန်မှုမရှိဘဲ အကြံပြုတိုင်ကြားချက်ကို မြို့နယ်အဆင့်သို့ပေးပို့ခြင်းမပြုကြပါ ။ အကြံပြုချက်အများစုမှာ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရေးဖြစ်ပါသည်။

ကျေးရွာလူထုသည် ကျေးရွာအုပ်စုအဆင့်မှဖြေရှင်းခြင်းထက် မြို့နယ်နှင့်ပြည်ထောင်စုအဆင့်မှဖြေရှင်းချက် ကိုပိုမိုအားထားပါသည်။

**၇-၄။ စီမံကိန်းဒုတိယစက်ဝန်းတွင် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သောနယ်ပယ်များ**

စီမံကိန်းဒုတိယစက်ဝန်းတွင် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရမည့် နယ်ပယ်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အကယ်၍ အကြံပြုတိုင်ကြားဖြေရှင်းရေး အဓိကပုဂ္ဂိုလ်အားအစားထိုးရန်လိုအပ်ပါက ကျေးရွာမှ ယုံကြည်စိတ်ချရသူအားအမည်စာရင်းတင်သွင်းရန်

(ခ) အကြံပြုတိုင်ကြားဖြေရှင်းရေးအဓိကပုဂ္ဂိုလ်များအား အကြံပြုတိုင်ကြားရေးသတင်းအချက်အလက်များကို ဖြန့်ဝေပေးရမည်။သို့မှသာငင်းသည် စီမံကိန်းတွင်၎င်း၏အခန်းကဏ္ဍကို သေချာစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

(ဂ) အကြံပြုတိုင်ကြားရေးစာတိုက်ပုံးများ လိုအပ်ပါကထပ်မံဖြန့်ဝေပေးရန်

(ဃ) ကျေးရွာမှမြို့နယ်သို့ အကြံပြုတိုင်ကြားရေးရရှိရန် အကျိုးရှိဆုံးနည်းလမ်းအားဆုံးဖြတ်ရန်

(င) ကော်မတီနှင့်ကျေးရွာသားများသည် ၎င်းတို့၏တာဝန်ယူမှုအတွက်ရင်းနှီးမှုရှိစေရမည်။

(စ) ကျေးရွာ၊ ကျေးရွာအုပ်စုကော်မတီများသည် စီမံကိန်းတွင်မိမိတို့လိုက်နာရမည့်ကျင့်ဝတ်များကိုနားလည်ပြီး၊ လိုက်လျောမှုရှိစေရန်လက်မှတ်ရေးထိုးရမည်။

## ၈။ ဘဏ္ဍာရေးစီမံခန့်ခွဲမှု

### ၈-၁။ အစီအရင်ခံသည်ကာလအတွင်းဆောင်ရွက်မှု

အောက်ဖော်ပြပါဘဏ္ဍာရေးလုပ်ငန်းများကို ဤအစီအရင်ခံသည့်ကာလအတွင်းဆောင်ရွက်ခဲ့ပါသည်။

(က) ကမ္ဘာ့ဘဏ်သို့ ဘဏ္ဍာရေးကြားဖြတ်အစီအရင်ခံစာ (၃၀/၀၆/၂၀၁၄) အထိအား ( disbursement Projection Report) နှင့်အတူပြင်ဆင်၍ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဤကာလအတွက်ဘဏ္ဍာရေးကြားဖြတ်အစီအရင်ခံစာကို ပြင်ဆင်လျက်ရှိပါသည်။

(ခ) ပြည်ထောင်စုနှင့်မြို့နယ်အဆင့် ဘဏ္ဍာရေးလက်စွဲကိုကမ္ဘာ့ဘဏ်၏အကြံပြုချက် ပြုပြင်ခြင်းကိုဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်ကျေးရွာဘဏ္ဍာရေးညွှန်ကြားချက်ကို ပြည်ထောင်စု MSR ၏ဆွေးနွေးချက်များအရ ပြင်ဆင်အတည်ပြုနိုင်ခဲ့ပါသည်။

(ဂ) စီမံကိန်းမြို့နယ်အသစ်(၆) မြို့နယ်အားတိုက်ရိုက်ထောက်ပံ့ငွေပေးအပ်ခြင်းကို လူဦးရေအပေါ်မူတည်ပြီးခွဲဝေပေးရန်ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

(ဃ) တိုက်ရိုက်ငွေပေးချေခြင်းလျှောက်ထားချက် (၅ခု) စုစုပေါင်း US $515,625 နှင့် Replenish ment လျှောက်ထားခြင်း ၁၁၆,၃၈၈,၈၇၉ မြန်မာကျပ်အား ကမ္ဘာ့ဘဏ်သို့ပေးပို့ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်မှ payment (၇) စုံအတွက် us$ 557,739 နှင့် replemished 116,388,873 မြန်မာကျပ်ငွေတို့အား DA-B Account သို့ ပေးသွင်းခဲ့ပါသည်။

(င) ဤကာလအတွင် ကမ္ဘာ့ဘဏ်သို့ငွေထုတ်ခွင့်လျှောက်လွှာကို တင်သွင်းခဲ့ပါသည်။ ငွေထုတ်ခွင့်လျှောက်လွှာတစ်ခုမှာ ၈၂၈၀၀၀၀ မြန်မာကျပ်ရှိပြီး ၎င်းသည် တိုက်ရိုက်ထောက်ပံ့ငွေအတွက် ပေးချေခဲ့ခြင်းဖြစ်ပါ

သည်။ အခြားလျော့ကျလွှာတစ်ခုမှာ ၁၄၈,၇၃၂,၁၅၅ ဖြစ်ပြီး ၂၀၁၄ ခုနှစ်ဧပြီလမှဇွန်လအထိ အသုံးစရိတ်များဖြစ်သည်။

(စ) စီမံကိန်းဆောင်ရွက်မှု (၃၁.၃.၂၀၁၄) အထိပြင်ပဘဏ္ဍာစစ်ဆေးမှု (External Financial Audit) ကိုဆောင်ရွက်ရန်အတွက် ပြည်ထောင်စု DRD သည်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအရင်ခံစာသည် ကာလပြီးဆုံးချိန်တွင် Audit Report ထွက်ရှိခဲ့ပြီးကမ္ဘာ့ဘဏ်သို့တင်ပြခဲ့ပါသည်။ ပြည်ထောင်စု DRD၏ ဘဏ္ဍာရေးအကြံပေးပညာရှင်သည် financial Audit အတွက်ငွေစာရင်းရှင်းတမ်းများကိုပေးပို့ရေးအတွက်အကူအညီပေးခဲ့ပါသည်။

(ဆ) ပြည်ထောင်စု DRD တွင်ဘဏ္ဍာရေးလက်ထောက် (National Finance Assistant) တစ်ဦးခန့်ထားပြီး ငွေစာရင်းလုပ်ငန်းများဆောင်ရွက်စေခဲ့ပါသည်။

(ဇ) ပြည်ထောင်စု DRD၏ငွေစာရင်းယူနစ်သည် ငွေစာရင်း၊ စာရင်းကိုင်လုပ်ငန်းများကို PEACHTRCE Accounting Software ကိုထည့်သွင်းခဲ့ပါသည်။ လက်ရှိအားဖြင့် အချိန်ကာလအလိုက်ဘဏ္ဍာရေးရှင်းတမ်းများအား PEACHTRCE Accounting Software မှထုတ်ယူခဲ့ပါသည်။

## ၈-၂။ အစီရင်ခံသည့်ကာလအတွင်း အဓိကဘဏ္ဍာရေးတိုင်းတာချက်များ

ငင်းတို့မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) ကမ္ဘာ့ဘဏ်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ us$ 4,512, 631 နှင့်ညီမျှသော မြန်မာကျပ်ငွေ 4,328,896,267 အားထုတ်ပေးခဲ့ပါသည်။ ဤထုတ်ပေးခဲ့သော ငွေ၏ပမာဏမှာ ကမ္ဘာ့ဘဏ်မှထောက်ပံ့သော us$ သန်း၈၀၏ ၅.၆% ရှိပါသည်။

(ခ) ဤကဲ့သို့ထုတ်ပေးသော ငွေပမာဏတွင် တိုက်ရိုက်ထောက်ပံ့ငွေ ၁,၅၆၆,၁၀၈,၀၀၀ မြန်မာကျပ်နှင့် ညီမျှသော us$ 1,598,069 ပါဝင်ပါသည်။ ကျန်ရှိသောငွေပမာဏမှာ us$ 2,914,562 မှာ DA-B စာရင်းအတွက်ဖြစ်ပြီး၊ ၄င်းမှာပြည်ထောင်စု DRD၏နည်းပညာရှင်အဖွဲ့အတွက်နှင့်မြို့နယ်များရှိ INGO များအတွက်တိုက်ရိုက်ပေးချေရန်အတွက်ဖြစ်ပါသည်။

(ဂ) ဤကာလအတွင်းပေးချေခဲ့သော တိုက်ရိုက်ပေးချေငွေများမှာ
မြန်မာကျပ်ငွေ ၇၈၆,၃၂၂,၅၅၂ (us$ 802,370) ဖြစ်ပြီး
စီမံကိန်းစတင်သည်မှာ (၃၀.၉.၂၀၁၄) ခုနှစ်အထိစုစုပေါင်းတိုက်ရိုက်ပေးချေငွေမှာ မြန်မာကျပ် ၃,၈၉၀,၅၉၆,၅၈၈ (us$ 3,969,997) ဖြစ်ပါသည်။ ကဏ္ဍအလိုက်အသေးစိတ်စာရင်းကိုဇယား(၈) နှင့် (ဘဏ္ဍာရေးကြားဖြတ်အစီရင်ခံစာ) တွင်ဖော်ပြထားပါသည်။

(ဃ) ဇယား (၈) တွင်အမှန်အသုံးစရိတ်သည် us$ 802,370 သည်ဤကာလ၏လျာထားငွေ us$ 1,208,950 ထက်များစွာလျော့နည်းနေပါသည်။ သို့သော်လည်းကဏ္ဍ (၂) နှင့်(၃)တွင် ပို၍သုံးစွဲထားပြီးဤကဲ့သို့ပို၍သုံးစွဲထားခြင်းကို ကြားဖြတ်အစီအရင်ခံစာတွင်ဖော်ပြထားပါသည်။ ကဏ္ဍ (၄) တွင်သုံးစွဲငွေသည် လျာထားချက်ထက်လျော့၍ (မြန်မာကျပ်ငွေ ၄၆၄.၀၈သန်း) သုံးစွဲခဲ့ပါသည်။ ဝယ်ယူရန်လျာထားသောပစ္စည်းနှင့်ငှားရမ်းသည့်ဝန်ဆောင်မှုများအတွက် ငွေပေးချေခြင်းမပြုလုပ်နိုင်သေးပါ။ ၄င်းတို့မှာ မော်တော်ယဥ်မော်တော်ဆိုင်ကယ်၊tablets, စီမံကိန်းမြို့နယ်အတွက်ရုံးသုံးပစ္စည်းများနှင့် ပြည်တွင်း
ပြည်ပပညာရှင်ငှားရမ်း ခများဖြစ်ပါသည်။

(င) ကမ္ဘာ့ဘဏ်သို့ စီမံကိန်းစက်ဝန်း (၂)အတွက်တိုက်ရိုက်ထောက်ပံ့ငွေ မြန်မာကျပ် ၁၀,၄၉၀သန်းအားတောင်းခံထားပြီးဖြစ်ပါသည်။

(စ) ဇယား (၈) တွင်စီမံကိန်းကဏ္ဍအလိုက်စီမံကိန်းလျာထားငွေအပေါ် သုံးစွဲခဲ့သည့် (us$) များကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။ ၎င်းမှာ ၂၀၁၄ ခုနှစ်စက်တင်ဘာလအထိသုံးစွဲပြီးငွေဖြစ်ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုအတွက်စွမ်းဆောင်ရည်မြှင့်မားမှုအစကဲဖြတ်ခြင်း

၈-၃။ DRD ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍအတွက်လိုအပ်သော စွမ်းဆောင်ရည်မြှင့်မားမှုတည်ဆောက်ရေးအခြေခံအချက်များကို နောက်ဆက်တွဲ (၄) တွင်ဖော်ပြထားသည်။

## ရံပုံငွေ (US$ ) သုံးစွဲမှုအခြေအနေ (၂၀၁၄ ခုနှစ်စက်တင်ဘာလအထိ )

| | အမှန်သုံးငွေ | | | ဘတ်ဂျက်ငွေ | | | ကွာခြားချက် | | | PAD | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ဤကာလအတွင်းသုံးငွေ | နှစ်စမှယခုအထိ | စုစုပေါင်း | ဤကာလအတွင်းသုံးငွေ | နှစ်စမှယခုအထိ | စုစုပေါင်း | ဤကာလအတွင်းသုံးငွေ | နှစ်စမှယခုအထိ | စုစုပေါင်း | စီမံကိန်းသက်တမ်း | |
| | | | | | | | | | | ကျပ် | US$ |
| | က | ခ | ဂ | ဃ | င | စ | ဆ=ဃ-က | ဇ=င-ခ | ဈ=စ-ဂ | ည | ဋ |
| ကဏ္ဍ-၁ တိုက်ရိုက်ထောက်ပံ့ငွေ | - | 8,449 | 1,598,069 | - | 8,449 | 1,598,069 | - | - | - | | 52,200 |
| ကဏ္ဍ-၂ စွမ်းဆောင်ရေ+ ကူညီထောက်ပံ့ခြင်း | 561,606 | 982,100 | 1,561,084 | 498,664 | 877,349 | 2,101,253 | (62,942) | 1 | 540,169 | 45,518,400 | 14,200 |
| ကဏ္ဍ-၃ အသိပညာနှင့်သင်ကြားခြင်း | 65,172 | 67,598 | 79,107 | 61,138 | 107,567 | 175,932 | (4,033) | 39,969 | 96,825 | 1,569,600 | 1,800 |
| ကဏ္ဍ-၄ အကောင်အထည်ဖော်ခြင်း အထောက်အပံ့ | 175,592 | 305,187 | 731,736 | 649,148 | 816,825 | 1,644,430 | 473,556 | 511,638 | 912,694 | 10,289,600 | 11,800 |
| **စုစုပေါင်း** | **802,370** | **1,363,344** | **3,369,997** | **1,208,950** | **1,810,190** | **5,591,685** | **406,580** | **446,856** | **1,549,689** | **69,760,000** | **80,000** |

ငွေလဲနှုန်း အမေရိကန်(၁)ဒေါ်လာ = ၉၈၀ ကျပ်

၈-၄။ သတိချပ်လွှာ၏ အကြံပြုချက်နှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု၏ ဆောင်ရွက်ချက်များ

ဖွန်လအထိ ချပ်လွှာတွင်ဖော်ပြထားသောကမ္ဘာဘဏ်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပေါ် မှုတည်ပြီးအကြံပြုချက်နှင့်DRD၏ဆောင်ရွက်ချက်များကို ဇယား (၉) တွင်ဖော်ပြထားပါသည်။ ပါဝင်သောအချက်များမှာ

(က) ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်များတွင်ဝန်ထမ်းများအတွက်ဘဏ္ဍာရေးစီမံခန့်ခွဲမှုစွမ်းရည်ကိုနောက်ဆက်တွဲ(၄) တွင်ဖော်ပြထားပါသည်။

(ခ) ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်၏ အချိန်မလုံလောက်မှုနှင့်စွမ်းဆောင်ရည်မြင့်မားမှုကြောင့် စီမံကိန်းမြို့နယ်များသို့ ရံပုံငွေစီးစင်းစေမှု အချိန်မီရရှိစေမှုတို့အပေါ် သက်ရောက်မှုများရှိခဲ့ပါသည်။ ဘဏ္ဍာ ရေးအစီအရင်ခံစာနှင့် MIS များရရှိစေရန်အတွက် မြို့နယ်မှဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကိုပြည်ထောင်စုသို့အချိန်မီတင်ပြရန်။

(ဂ) ဘတ်ဂျက်လုပ်ငန်းများ၊ ဌာနတွင်းငွေကြေးဆိုင်ရာလုပ်ငန်းများ (Internal Control) နှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုလက်စွဲနှင့်ကိုက်ညီစေရမည်။ အချက်များသည်တိုးတက်ရန်အတွက်လိုအပ်ချက်များဖြစ်ပါသည်။

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ချက် |
|---|---|
| စာရင်းစစ်ချုပ်ရုံးမှစာရင်းစစ်ဆေးပြီးကမ္ဘာဘဏ်သို့ ပို့ရန် | ဘဏ္ဍာရေးအစီရင်ခံစာ(မြန်မာ) အားကမ္ဘာဘဏ်သို့ အောက်တိုဘာလ (၁၅) ရက်နေ့တွင်ပေးပို့ခဲ့ပါသည် ကမ္ဘာဘဏ်ဘဏ္ဍာရေးအဖွဲ့မှ DRD ဘဏ္ဍာရေးနှင် ဆက်သွယ်ပြီးဘဏ္ဍာရေးအစီရင်ခံစာဖြင့်တွေ့ရှိချက်များကိုဆွေးနွေးခဲ့ပါသည်။ |
| ဘဏ္ဍာရေးဆိုင်ရာသင်တန်းအား စီမံကိန်းသင်တန်း အစီအစဉ်တွင်ထည့်သွင်းရေးစွဲရန် | ပြည့်စုံသော ဘဏ္ဍာရေးသင်တန်းအားပြုပြင်ရေးစွဲခဲ့ပြီးဖြစ်ပါသည်။ |
| ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်၏ အချိန်မလုံလောက်မှု စွမ်းရည် နိမ့်ကျမှုကြောင့်မြို့နယ်များသို့ အသုံးစရိတ်များ ငွေပေးချေမှုများအတွက် ရန်ပုံငွေကိုအချိန်မီလွှဲမပေးနိုင်ခြင်း၊ ရံပုံငွေလုံလောက်မှုရှိစေရန်၊ ကမ္ဘာဘဏ်သည် မြန်မာကျပ်ငွေ ၁.၅ သန်းအားအမြဲမှုရှိစေရန်နှင့် ထုတ်ယူသုံးစွဲပြီးပါကအမြဲအစားထိုးဖြည့်ဆည်းပေးရန် | မြို့နယ်သည် ပြည်ထောင်စုအဆင့်သို့ရံပုံငွေကိုကြိုတင်တောင်းခံခြင်းမပြုပါ။ ထို့ကြောင့်မြို့နယ်များသို့ ရံပုံငွေလွှဲပေးခြင်းနှောင့်နှေးရခြင်းဖြစ်ပါသည်။ ဤအခက်အခဲကိုဖြေရှင်းရန် Activity Based Budget (ADB) စနစ်ကိုဩဂုတ်လတွင်စတင်ကျင့်သုံးခဲ့ပြီး လေးလအတွက် မြို့နယ်၏ရံပုံငွေကို တွက်ချက်ပြည့်မီစေရန်ဖြစ်ပါသည်။ ရံပုံငွေကိုစက်တင်ဘာနောက်ဆုံးပက်တွင် တွဲပေးခဲ့ပါသည်။ ၎င်း (ADB)စနစ်အား စီမံကိန်းမြို့နယ်အသစ်များတွင်ဆက်လက်ကျင့်သုံးသွားစေမည်ဖြစ်သည်။ |
| ဘတ်ဂျက် Internal Control နှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုလက်စွဲနှင့်ကိုက်ညီချက်များစသည့် တိုးတက်ရန် | Internal Control နှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုလက်စွဲနှင့်ကိုက်ညီစေရန် ရှု့ဒေါင့်များသည်ဘဏ္ဍာရေးစီမံ |

| | |
|---|---|
| လိုအပ်ချက်များ | ခန့်ခွဲမှုနှင့်ကိုက်ညီပါသည်။<br>ဘဏ္ဍာရေးစီမံခန့်ခွဲမှု လက်စွဲအားဩဂုတ်လအတွင်း အကြံပြုချက်နှင့်အညီပြင်ဆင်ခဲ့ပါသည်။အထူးသဖြင့် အောက်ပါတို့ကိုပြင်ဆင်ခဲ့ပါသည်။<br>၁။ ထပ်မံလိုအပ်သော လုပ်ငန်းလည်ပတ်မှုစရိတ်အတွက်ပေးချေခြင်း (စာရေးကရိယာနှင့်မော်တော်ယဉ်များအသုံးစရိတ်<br>၂။ မြို့နယ်ဘဏ်စာရင်းများသို့ ABB စနစ်အရ ငွေပြည်လည်ဖြည့်တင်းပေးခြင်း<br>၃။ မြို့နယ်အသုံးစရိတ်များ<br>ကမ္ဘာ့ဘဏ်သည် ဘဏ္ဍာရေးလက်စွဲအပေါ်အကြံပြုချက်များပေးခဲ့ပါသည်။ ပြည်ထောင်စု TA မှဘဏ္ဍာရေးပညာရှင်သည် ကမ္ဘာ့ဘဏ်ပညာရှင်နှင့် (၂၇.၁.၂၀၁၄) နေ့တွင်ဆွေးနွေးခဲ့ပါသည်။<br>ဘဏ္ဍာရေးပညာရှင် ရှိနေစဉ်အတွင်း ဘဏ္ဍာရေးသင်တန်းများကို ပို့ချနိုင်ခဲ့ပါသည်။ ပြည်ထောင်စု TA ၏ဘဏ္ဍာရေးပညာရှင်သည်ပြည်ထောင်စုနှင့်မြို့နယ်ဘဏ္ဍာရေးအရာရှိများအားဘတ်ဂျက်နှင့် Internal Control ကိုအလေးထား၍သင်တန်းများကိုပို့ချသွားမည်ဖြစ်ပါသည်။ |

ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပေါ် သတိချပ်လွှာ၏အကြံပြုချက်နှင့်ဆောင်ရွက်ချက်များ

| | |
|---|---|
